# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 November 2022 ၁၀၉၁၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများကို အဆင့်မီစွာ ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များလည်း ပိုမိုရရှိလာမည်

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


## တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ မီးရှူးမီးပန်းများ ပစ်ဖောက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ ည ၇ နာရီမှစ၍ မီးရှူးမီးပန်းများအား ၁၀ မိနစ်ကြာ ပစ်ဖောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါမီးရှူးမီးပန်းဖောက်မှုများကို အများပြည်သူများအနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ်စရာ**

လူ့အဖွဲ့အစည်းနှင့် ကိုယ်ကျင့်သီလ (ဆောင်းပါး စာမျက်နှာ » ၁၁)

သီရိလင်္ကာနိုင်ငံ၌ ပြည်သူ ၅ ဒသမ ၇ သန်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ် (စာမျက်နှာ » ၁၃)

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ပြည်သူ့အုပ်ချုပ်ရေး ... (ဆောင်းပါး စာမျက်နှာ » ၁၇)

ကြေးမုံ

# ပြည်သူများ၏စီးပွားရေးကို အားပေး ဒေသဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

"လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေးတိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုဝင်ဘာလ ၄ ရက်နေ့တွင် ထားဝယ်မြို့ မြို့နယ်ခန်းမ၌ စီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန်ရည်ရွယ်၍ ဒေသအသီးသီးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် လိုက်လံတွေ့ဆုံပြီး တင်ပြချက်များအပေါ်မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို မှာကြားဆောင်ရွက်နေသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး MSME လုပ်ငန်းများဖြင့် အဓိကအားပြုလည်ပတ်နေသည်။ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးအတွက် အခြေခံကျသောလုပ်ငန်းများဖြစ်သော်လည်း ယခင်ကာလများက ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို အားပေးကူညီခြင်း အားနည်းခဲ့သဖြင့် စီးပွားရေးတွင် ထင်သလောက်ခရီးမရောက်ခဲ့ဘဲ ကုန်သွယ်မှုလိုငွေများ များစွာပြခဲ့သည်။

လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေး ပြန်လည်တိုးတက်လာသည်ကို မြင်တွေ့နေရပြီး နိုင်ငံတော်အကြီးအကဲကလည်း ပြည်တွင်းစီးပွားရေးကို အားပေးလျက်ရှိသဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ထပ်မံတိုးတက်လာမည်ဖြစ်၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူဆောင်ရွက်စဉ်က အခက်အခဲများစွာရှိခဲ့ပြီး ယခုအခါ အခက်အခဲများကိုကျော်လွှား၍ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်တွင်းစီးပွားရေး စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းဝမ်းစာရေး၌ ထိခိုက်မှုမရှိဘဲ အရှိန်အဟုန်မပျက် လည်ပတ်နိုင်ခဲ့သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံအတွက် ခိုင်မာသေချာမှုအရှိဆုံးဖြစ်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံရှိ MSME လုပ်ငန်းများအများစုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်များကိုအခြေခံကာ ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ MSME လုပ်ငန်းများကို နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာရန်၊ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ အရည်အသွေးပြည့်မီသောထုတ်ကုန်များ ပြည်တွင်း၌ မြှင့်တင်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန် အလားအလာကောင်းများရှိလာမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ထားဝယ်ခရိုင်အတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ဒေသထွက်ကုန် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများသည် ခိုင်မာအားကောင်းသော စီးပွားရေးလုပ်ငန်းများဖြစ်လာမည်ဖြစ်သည်။ ရေထွက်သယံဇာတများကို ထုတ်ယူခြင်းအပြင် ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်သည်။ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည်။ အလားတူ ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များမှ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် အုန်းအထွက်များသဖြင့် အုန်းထွက်ပစ္စည်းများကို အဆင့်မီထုတ်လုပ်၍ စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ဒေသထွက်ကုန်များကို ထိရောက်စွာအသုံးချ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ သတ်မှတ်ထားသောအတိုးနှုန်းများဖြင့် ချေးငွေများ ထုတ်ပေးလျက်ရှိသည်။ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများ ရရှိရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် လိုအပ်သည်။ သို့ဖြစ်ရာ MSME လုပ်ငန်းများကို နိုင်ငံတော်က အားပေးကူညီဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ စီးပွားရေးတိုးတက်ကောင်းမွန်လာပါက နိုင်ငံ့စီးပွားရေးလည်း မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်း မရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## (၂၀၂၂)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီ ကျောင်းအပ်နှံရေးကြေညာချက်

၁။ (၂၀၂၂)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာန၏ Website နှင့် Facebook Page တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာတက္ကသိုလ်များ၏ ကြော်ငြာသင်ပုန်းနှင့် Website တို့တွင် လည်းကောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာတက္ကသိုလ်အသီးသီး၌ (၈-၁၁-၂၀၂၂) ရက်နေ့မှစ၍ ကျောင်းအပ်နှံနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၅-၁၁-၂၀၂၂)

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပညာမဏ္ဍိုင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ဘုန်းဘုရား ကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ဂုဏ်ရည်လွင် ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်သုခဗိမာန်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ပါဠိကာရီပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဉာဏိကာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေသာစည်ကံသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဦးကျော်စွာလင်းနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၈၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

## MSMEလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်းနှင့် မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြိတ်ခရိုင် ရော်ဘာလုပ်ငန်းရှင် ဦးထွန်းထွန်းဝင်း၊ မြိတ်ခရိုင်ရေလုပ်ငန်းနှင့် ပုစွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးလှသန်း၊ မြိတ်ခရိုင်စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းရှင် ဦးမျိုးအောင်၊ မြိတ်ခရိုင် ငှက်သိုက်လုပ်ငန်းရှင် ဦးခွန်ပိုင်မျိုး၊ မြိတ်ခရိုင်ဆန်ကုန်သည်အသင်းဥက္ကဋ္ဌ ဦးထွေးဝေနှင့် တက်ရောက်လာကြသူများက ရော်ဘာထုတ်ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့မှု ပိုမိုလွယ်ကူလျင်မြန်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ မြိတ်ခရိုင်အတွင်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှုနှင့် ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဂျင်းခရုမွေးမြူရေးလုပ်ငန်းများ မြိတ်ခရိုင်အတွင်း အောင်မြင်လျက်ရှိပြီး လုပ်ငန်းရှင်များ ပိုမိုတိုးတက်လာမှုနှင့် လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးများရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း ပုလဲမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသည့်မုတ်ခွံကို ဒေသတွင်း၌ ပင်အချောထည်ပြုလုပ်ပြီး ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး မုတ်ခွံအချောထည်စက်ရုံတစ်ခု လည်ပတ်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အကူအညီပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက သတ်မှတ်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ချေးငွေများရယူနိုင်မှု၊ နိုင်ငံတော်မှ လုပ်ငန်းများအောင်မြင်စေရေးအတွက် လိုအပ်သည်များ ပံ့ပိုးပေးသွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းအလိုက်အောင်မြင်အောင် ဆောင်ရွက်ပေးရန် လိုအပ်မှုနှင့် ချေးငွေများကိုလည်း မှန်မှန်ကန်ကန်ဖြင့် ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ နိုင်ငံတော်မှချေးငွေများကို အကြောင်းအရာအသီးသီးအလိုက်၊ ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါချေးငွေများ ပြန်လည်ရရှိမှုသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ချေးငွေများကို သတ်မှတ်ကာလအလိုက် အချိန်မီပြန်လည်ပေးဆပ်ရန် လိုအပ်မှု၊ မြိတ်ခရိုင်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ ဆောင်ရွက်လျက်ရှိပြီး ထပ်မံလာရောက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာရှိမှု၊ ကျေးလက်ဒေသရှိ ပြည်သူလူထုများ ဝင်ငွေရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သည့်နည်းပညာနှင့် စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် သစ်တောဖုံးလွှမ်းမှု ဒုတိယအများဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ငါးသယံဇာတအတွက် အလွန်အရေးကြီးသည့် ဒီရေတောများကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ဒေသတွင်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရပြီး ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းရှိပုစွန်မွေးမြူရေးလုပ်ငန်းများ၏ ပုစွန်သားဖောက်ခြင်း၊ အစာစပ်ခြင်းအတွက် နည်းပညာများရရှိရေးနှင့် ပုစွန်ထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

### နိုင်ငံ့စီးပွားမြှင့်တင်ရေး အားပေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့် ကာလများအတွင်း နိုင်ငံတိုင်း၌ ကိုယ်စီအခက်အခဲများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်မူ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများသာမက နိုင်ငံရေးအခက်အခဲများနှင့်လည်းကြုံတွေ့ခဲ့ရပြီး စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ထိုအချိန်တွင် နိုင်ငံ၏စီးပွားရေးပျက်ယွင်းစေရန် နိုင်ငံရေးအရထိုးနှက်တိုက်ခိုက်မှုများ၊ ငွေကြေးလည်ပတ်သုံးစွဲမှုများကို ထိခိုက်စေရန် ဘဏ်စနစ်ပြိုလဲအောင် ဆောင်ရွက်မှုများ ၊ စက်ရုံအလုပ်ရုံများ ရပ်တန့်စေရန်ဆောင်ရွက်မှုများ ရှိခဲ့ပြီး မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ အကျပ်အတည်းများစွာကြား မှ နိုင်ငံကို အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလ အကျပ်အတည်းကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲညီညီပူးပေါင်း၍ အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းဆောင်ရွက်ခဲ့မှုကြောင့်သာ ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအရထိခိုက်ခဲ့ရမှုများကို ကုစားနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် မိမိတို့နိုင်ငံနှင့် ကိုက်ညီမှုရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ငန်းရှင်များနှင့် လှည့်လည် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင် စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍လည်း အခက်အခဲများကြားမှ ဆောင်ရွက်နေရလျက်ရှိပြီး နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့်

စာမျက်နှာ ၄ သို့ ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

**★ ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလ အကျပ်အတည်းကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲညီညီ ပူးပေါင်း၍ အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်း ဆောင်ရွက်ခဲ့မှုကြောင့်သာ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်**

**★ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအရထိခိုက်ခဲ့ရမှုများကို ကုစားနိုင်ရေးနှင့် နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးအတွက် မိမိတို့နိုင်ငံနှင့် ကိုက်ညီမှုရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်**

**★ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ငန်းရှင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်**

❖ စာမျက်နှာ ၃ မှ

စီးပွားရေးထိခိုက်မှုပင်ဖြစ်ကြောင်း၊ ယခင်အစိုးရများ လက်ထက်တွင် ပြည်ပမှ ထောက်ပံ့ငွေနှင့် ချေးငွေများရရှိခဲ့သော်လည်း မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်ပမှ ထောက်ပံ့ငွေနှင့် ချေးငွေများရရှိခြင်းမရှိကြောင်း၊ ထိုသို့သောအခက်အခဲများကြားမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် နိုင်ငံစီးပွားရေးမှာ တိုးတက်သင့်သလောက် တိုးတက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်၍ ပြည်တွင်းစီးပွားမြှင့်တင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်ပမှထောက်ပံ့ကူညီမှုများကိုသာ မှီခိုအားထားခဲ့သည့် နိုင်ငံများအနေဖြင့် စီးပွားရေးအခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မိမိတို့နိုင်ငံအတွက် အခြေခိုင်ပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုယခုထက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများသည် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများကို အဆင့်မီစွာ ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကိုအစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များလည်းပိုမိုရရှိလာမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုများ အဆင့်မီအောင်ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့်အခြားကဏ္ဍများပါဝင်ပြီး ထုတ်လုပ်မှုရှိမှသာ ရောင်းဝယ်မှုရှိမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိနိုင်မှသာလည်း ခိုင်မာသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချို့နေရာများတွင် ကုန်ကြမ်းပစ္စည်းများရှားပါးမှု၊ ပြည်ပနိုင်ငံများမှ တင်သွင်းရန်ခက်ခဲမှုများကိုတင်ပြကြကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသတွင်းနှင့် နိုင်ငံတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ခိုင်မာသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ် မှန်ကန်ရန်လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ဒေသအတွင်းစားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးဆီကို ပြည်ပမှတင်သွင်းနေရခြင်းမှ ပြည်တွင်း လိုအပ်ချက် ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ရောက်ရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ရော်ဘာထုတ်လုပ်ခြင်းနှင့်ပတ်သက်၍လည်း ရော်ဘာကိုအခြေခံသည့် တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများတွင် ရော်ဘာနှင့်ပတ်သက်၍ လူသုံးပစ္စည်းထုတ်လုပ်မှုများ များစွာဆောင်ရွက်နိုင်ကြောင်း၊ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူဆောင်ရွက်ခြင်းဖြင့် အသားထွက်ရှိမှုအပြင် ထွက်ရှိလာသည့် သားရေများဖြင့်လည်း သားရေထည် လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ဒေသအတွင်း ဆန်ဖူလုံမှုရှိစေရေး စပါးအထွက်နှုန်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲခြင်းများ မပြုလုပ်စေလိုကြောင်း၊ ဒေသတွင်းစားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်း မပြုရသည့်အတွက် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသားစိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းကိုအားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်သည့်မြေဩဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ ထွက်ရှိလာသည့် ဇီဝမြေဩဇာများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း။ မြိတ်ဒေသတွင် မြစ်ချောင်းများ ပေါများခြင်းကြောင့် ဘဲမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်၍ တန်ဖိုးမြှင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ကြက်၊ ဝက်နှင့် နွားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျမွေးမြူ၍ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် MSME ကုန်ထုတ်လုပ်မှုများကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ မွေးမြူရေးထွက်ကုန်များပေါများလာမည်ဆိုပါက စားသောက်ကုန်များ ဈေးနှုန်းကျဆင်းလာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ခွင့်ပြုထားပြီးဖြစ်သော်လည်း **စာမျက်နှာ ၅ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

- ★ **စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ် မှန်ကန်ရန်လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို**
- ★ **တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ ဒေသအတွင်း စားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်**
- ★ **စားသုံးဆီကို ပြည်ပမှတင်သွင်းနေရခြင်းမှ ပြည်တွင်း လိုအပ်ချက် ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ရောက်ရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**

❖ စာမျက်နှာ ၄ မှ
လက်နက်ကိုင် အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းများကြောင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ အရေးကြီးပြီး မြိတ်ဒေသတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကိုလည်း နိုင်ငံတော်မှ အတတ်နိုင်ဆုံး ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ သို့သော် မိမိတို့ကိုယ်တိုင်လည်း တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံ၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ပြည်ပထောက်ပံ့ငွေများ၊ ချေးငွေများနှင့် Non Trade များမှရရှိသည့် နိုင်ငံခြားငွေများဖြင့် အဓိကဖြည့်ဆည်း သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ ကျဆင်းနေသည့် စီးပွားရေးပြန်လည်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများလည်း လိုအပ်ကြောင်း၊ Skill Labour များရရှိရန်အတွက် ပညာရည်မြင့်မားသူများ လိုအပ်သဖြင့် မြိတ်ဒေသတွင်လည်း ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးသည် သစ်တောဖုံးလွှမ်းမှုများပြားပြီး ငါးသယံဇာတအတွက် အရေးကြီးသည့် ဒီရေတောဖုံးလွှမ်းမှုတွင်လည်း ကမ္ဘာ့အဆင့်သုံးနေရာတွင်ရှိကာ ရေသယံဇာတများ ပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကြောင့် ဒီရေတောများကို ထိခိုက်မှုမရှိအောင်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြမည်ဆိုပါက လာမည့်နှစ်များအတွင်း မြိတ်ဒေသသည် များစွာတိုးတက်ပြောင်းလဲလာမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် တိုင်းပြည်၏ စီးပွားဖွံ့ဖြိုးတိုးတက်သည်အထိ အားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေးပြောကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ရေလုပ်ငန်းထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းရှိ ဒေသခံပြည်သူ ၁၉၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၆၆ ဦး၊ ခွဲစိတ်ရောဂါ ၁၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၁၅ ဦး၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၃၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၆ ဦး စုစုပေါင်း ၁၉၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ဒေသခံပြည်သူ နှစ်ဦးကို သက်ဆိုင်ရာ ဆေးရုံများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ယခုတန်ဆောင်တိုင်ရာသီချိန်တွင် မန္တလေးဈေးကွက်အတွင်း မြေပဲဆန်များ အရောင်းသွက်

**မန္တလေး နိုဝင်ဘာ ၅**

ယခု တန်ဆောင်မုန်းလဖြစ်သော တန်ဆောင်တိုင်ရာသီအချိန်တွင် မန္တလေးဈေးကွက်အတွင်း နယ်စုံဒေသမှ ဝင်ရောက်လာသည့် မြေပဲဆန်များ အရောင်းအဝယ်သွက်နေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

**ဝင်ရောက်လာ**

အဆိုပါ မြေပဲဆန်များသည် မန္တလေးဈေးကွက်အတွင်းသို့ မြင်းမူ၊ မြောင်၊ ကျောက်ပန်းတောင်း၊ မကွေး၊ နေပြည်တော်၊ ပျဉ်းမနား၊ တပ်ကုန်းစသည့် ဒေသများမှပေါ်ထွက်ပြီး ဝင်ရောက်လာကြောင်း၊ ယင်းမြေပဲဆန်များသည် ပြီးခဲ့သည့်ရာသီချိန်က တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဈေးရှိခဲ့သော်လည်း ယခုရာသီချိန်တွင် မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ ဈေးရရှိနေပြီး အရောင်းအဝယ်များသွက်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။



“ယခုကာလက အညာဒေသတွေမှာ မိုးနှောင်းမြေပဲပေါ်တဲ့အချိန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘက်က မြေပဲဆန်တွေလည်း မန္တလေးဈေးကွက်ကို ဝင်ရောက်နေပါတယ်။ ဒီအချိန်က တောင်သူတွေ မြေပဲနုတ်ရာသီဖြစ်ပါတယ်။ နယ်စုံဒေသမှ မြေပဲတွေက မန္တလေးဈေးကွက်ကို အလုံးအရင်းနဲ့ ဝင်ရောက်နေပါတယ်။ ပြည်တွင်းစားသုံးမှုအတွက် ဆီစက်တွေလည်း လည်ပတ်နေရပါတယ်။ အရောင်းအဝယ်တွေလည်း သွက်နေပါတယ်။ ထွက်သမျှမြေပဲဆန်တွေကို တရုတ်ပြည်က ဝယ်ယူမှုတွေရှိနေပါတယ်။ ဒီရာသီမှာ တောင်သူတွေအတွက် အရောင်းအဝယ်အဆင်ပြေပြီး အလုပ်အများဆုံးအချိန်ဖြစ်တယ်။ ပြီးခဲ့တဲ့နှစ် ကာလတူအချိန်ထက် ဈေးပိုမိုရရှိတဲ့အတွက် တောင်သူတွေ အလှူအတန်းတွေ ပြုလုပ်နိုင်ကြပါတယ်။ ကထိန်ပွဲတွေလည်း ကျင်းပနိုင်ကြတာကို တွေ့ရပါတယ်”ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

**အဓိကသီးနှံအဖြစ် စိုက်ပျိုး**

အဆိုပါ မြေပဲများကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှုဖူလုံစေရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြပြီး ယင်းဒေသများအနက် မကွေးတိုင်းဒေသကြီးတွင် မြန်မာပြည်၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ရသည်အထိ အများဆုံးထွက်ရှိကြောင်း၊ စားသုံးဆီအနေဖြင့်လည်း ပြည်တွင်းစားသုံးရန်ဖူလုံမှုရှိကြောင်းလည်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖွဲ့ကပင်အားကစားကွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ဘားအံ နိုဝင်ဘာ ၅**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွဲ့ကပင်အားကစားကွင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အဆိုပါဘောလုံးကွင်း၌ ကျင်းပသည်။



**စက်ခလုတ်နှိပ်ဖွင့်လှစ်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က ဖွဲ့ကပင်အားကစားကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က ဖွဲ့ကပင်အားကစားကွင်း အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ်က ဖွဲ့ကပင်အားကစားကွင်းကမွည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာအဆင့်မီ ဖွဲ့ကပင်အားကစားကွင်းသစ်ကြီး ဖွင့်လှစ်ပေးနိုင်သည့်အတွက် နိုင်ငံတော်မှအားထားရမည့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အားကစားကွင်းရေရှည်တည်တံ့ပြီး အားကစားပိုမိုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့၊ မွန်ယဉ်ကျေးမှုအဖွဲ့၊ ပအိုဝ်းယဉ်ကျေးမှုအဖွဲ့တို့က သီဆိုကပြဖျော်ဖြေကြပြီး အခြေခံပညာ ကျောင်းများမှ ကျောင်းသူများက Physical Fitness Dance ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများအား ဖွဲ့ကပင်အားကစားကွင်း ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ ဖွဲ့ကပင်အားကစားကွင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ခြောက်လဘတ်ဂျက်တွင် ၇၇၆၆ ဒသမ ၂၂၄ ကျပ်သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရှေ့ဘက်ပွဲကြည့်စင် (ပေ ၄၄၀x ၃၅ ပေ)၊ အနောက်ဘက်ပွဲကြည့်စင် (ပေ ၄၈၀ x ပေ ၆၀)၊ တောင်ဘက်ပွဲကြည့်စင် (ပေ ၂၈၀ x ၃၅ ပေ)၊ မြောက်ဘက်ပွဲကြည့်စင် ( ပေ ၂၈၀ x ၃၅ ပေ)၊ Synthetic မီတာ ၄၀၀ ပြေးလမ်း၊ ဘောလုံးကွင်းတစ်ကွင်း၊ LED Score Boad တစ်ခုနှင့် အခြားဆက်စပ်သော တည်ဆောက်ရေး လုပ်ငန်းများ ပါရှိကြောင်း သိရသည်။

**ပြိုင်ပွဲကိုဖွင့်လှစ်ပေး**

ဆက်လက်၍ အဆိုပါဖွဲ့ကပင်အားကစားကွင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံအသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် အားကစား ဝါသနာရှင်များက အမျိုးသမီး လက်ဆင့်ကမ်းပြေးပွဲနှင့် အမျိုးသားအပြေးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများကို ငွေကျပ်နှစ်သိန်းစီထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံအသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ မြို့နယ်များမှအသင်းခုနစ်သင်း အားကစားသမား ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံနှင့်ပြည်သူအတွက် ထိရောက်သောဝန်ဆောင်မှုများပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**ဘားအံ နိုဝင်ဘာ ၅**

နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုအရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မိမိဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့်နိုဝင်ဘာ ၃ ရက်တွင် အဆင့်(၁)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကရင်ပြည်နယ်အနေဖြင့် ဖာပွန်မြို့နယ်၌သာ အခြေအနေအရ ဆောင်ရွက်ပေးရန် လျာထားချက် အနည်းငယ်သာကျန်ရှိနေပြီး ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး၌ ပြည်နယ်/ခရိုင်/မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



**ကိုက်ညီရန်လိုအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယင်းသို့ဆောင်ရွက်ရာ၌ မိမိတို့မြို့နယ်ရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းများ၏ အခြေခံစာရင်းသည် ရွေးကောက်ပွဲကော်မရှင်၏ မြေပြင်စစ်ဆေးချက်စာရင်းများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ယင်းစာရင်းများတိကျမှန်ကန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၏ လက်ရှိစာရင်းများ၊ မိမိဌာနအခြေခံစာရင်းများ၊ ရွေးကောက်ပွဲကော်မရှင်စာရင်း စသည့်စာရင်းတို့ကို သုံးပွင့်ဆိုင် တိုက်ဆိုင်စစ်ဆေးကာ မွေးတိုး/ သေလျော့/ ပြောင်းဝင် ပြောင်းထွက် စာရင်းများ ပြင်ဆင်/ ဖြည့်စွက်/ အတည်ပြုဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၏ မဲစာရင်းများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုမှတ်တမ်းများမှ အမည်နှင့် နေရပ်လိပ်စာ၊ နိုင်ငံသားအမှတ်တို့နှင့် တိုက်ဆိုင်စစ်ဆေး ဖြည့်သွင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ မြို့နယ်ရုံးဝန်ထမ်းများအနေဖြင့် လာမည့်နိုဝင်ဘာ ၁၅ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းတစ်ခုထက် ပိုမိုကိုင်ဆောင်မှုများ၊ နိုင်-၄ ၌ နိုင်ငံသားကတ်အမှတ်ဖြည့်ရန် ကျန်နေသည့်ကိစ္စရပ်များကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

ဝန်ထမ်းများအနေဖြင့် ကောလာဟလသတင်းများ နားမယောင်ဘဲ အဖျက်အမှောင့်လုပ်ရပ်များ မဖြစ်ပွားစေရေး၊ ရုံးဝင်/ ထွက်မှု စနစ်တကျဖြစ်စေရေးတို့အတွက် အလေးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးသတိ အမြဲရှိကြရန်နှင့် ဌာန၏လုပ်ငန်းအားလုံးသည် နိုင်ငံနှင့် ပြည်သူအတွက် ထိရောက်သောဝန်ဆောင်မှုများ ပေးရသည့်လုပ်ငန်းများဖြစ်သည်နှင့်အညီ အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးခန်းမအတွင်း ဝန်ထမ်းများမှ ကွန်ပျူတာများဖြင့် နိုင်-၄ နှင့် အထစပါအချက်အလက်များ ဖြည့်သွင်းဆောင်ရွက်နေမှုနှင့် မဲစာရင်းမှန်ကန်ရေးအတွက် တိုက်ဆိုင်စစ်ဆေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် ကရင်ပြည်နယ်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် အခြေခံစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းကို ပြည်နယ်ဦးစီးမှူးရုံးနှင့် ကရင်ပြည်နယ် လွှတ်တော်ရုံးတို့၌ နှစ်နေရာခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးရှိ အုတ်ခွက်ဘုရားများနှင့် ဗုဒ္ဓရုပ်ပွားတော်များ ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာသက်သက်ခိုင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးအတွင်းရှိ ရှေးဟောင်းအုတ်ခွက်ဘုရားများနှင့် ဗုဒ္ဓရုပ်ပွားတော်များအားဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူတော်ကြီး၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းရှိ အုတ်ကျောက်၊ အင်္ဂတေ၊ သစ်သားတို့ဖြင့် ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အနေအထားအမျိုးမျိုးတို့ဖြင့် ထုလုပ်စီမံထားသောဆင်းတုတော်များ၊ ရုပ်လုံးရုပ်ကြွများ၊ ကျောက်ကပ်အုတ်ခွက်ဘုရားများ၊ မင်စာဟုထင်ရသည့် ရှေးဟောင်းစာများ၊ ရပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူ ရုပ်ပွားတော်များကို လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဂူတော်ကြီးအတွင်းပိုင်းရှိ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများကို ကပ်လှူပူဇော်ကြကာ ကော့ဂွန်းဂူတော်ကြီးဘက်စုံမွမ်းမံထိန်းသိမ်းရေး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။



ရှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူတော်ကြီးသည် ဘားအံမြို့၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို မြင်တွေ့နိုင်သည့် နေရာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# (၅)ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့် အစည်းအဝေး၊ (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ(CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့်နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

ရောဝတီ၊ ကျောက်ဖရား၊ မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်သည့် (၅)ကြိမ်မြောက် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့် အစည်းအဝေး၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့ပါဝင်သည့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ(CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့ ဘိုရေးအန်ကောဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင်ဆီရမ်ရိမြို့သို့ရောက်ရှိပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့်အတူ ကြိုဆိုညစာစားပွဲခံခြင်းအခမ်းအနားသို့ တက်ရောက်ပြီး Pub Street နှင့် Night Market ပြင်ဆင်ဖွင့်လှစ်မှုများနှင့် ခရီးသွားဧည့်သည်များလာရောက်နေမှုကို လေ့လာကြည့်ရှုကြသည်။

နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Dr. Thong Khon၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့်အတူ (၅)ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့်အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါ နံနက်ပိုင်းအစည်းအဝေးများ မစတင်မီ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က ဗီဒီယိုမက်စ်ဆေ့ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် (၅)ကြိမ်မြောက် အက်ခ်မက် (ACMECS)ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ (၉)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေး လမ်းညွှန်ချက်များအရ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ ဒေသတွင်း ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နေမှုနှင့် ခရီးသွားဧည့်သည်ရောက်ရှိမှုများ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ခရီးသွားဧည့်သည်များ အပြန်အလှန်သွားလာလည်ပတ်မှုများ၊ အက်ခ်မက်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်အပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာကွန်ရက်နှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးတို့အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် အက်ခ်မက်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ဆီရမ်ရိကြေညာစာတမ်းအပါအဝင် အက်ခ်မက် အရာရှိကြီးများ အစည်းအဝေး၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၅)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်း ဝန်ကြီးများ သတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်မှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့် အစည်းအဝေးနှင့် စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်းဝန်ကြီးများ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် (၁၀)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးလမ်းညွှန်ချက်များအရခရီးသွားလုပ်ငန်းကဏ္ဍအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၂ အရ အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် ၂၀၂၃- ၂၀၂၅ အရ ဒေသတွင်းခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများနှင့် ပုဂ္ဂလိကကဏ္ဍပါဝင်စေရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးရှေ့လုပ်ငန်းစဉ်များအပါအဝင် စီအယ်လ်အမ်ဗွီ အရာရှိကြီးများအစည်းအဝေး၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

အဆိုပါ ဝန်ကြီးအဆင့်အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်မှု၊ ဗီဇာခွင့်ပြုပေးမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေမှုများ၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် MSMEs လုပ်ငန်းများ၏အရေးပါမှု၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး အကြံပြုချက်များနှင့် အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်များအရ မြန်မာနိုင်ငံမှ ဆောင်ရွက်ထားရှိမှုများနှင့် ကိုဗစ်-၁၉ အလွန်ကာလဒေသတွင်းခရီးသွားလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအစီးရ၊ ပုဂ္ဂလိကအပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအတွက် တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး မတိုင်မီ နိုဝင်ဘာ ၂ ရက်တွင် (၅)ကြိမ်မြောက် အက်ခ်မက်နှင့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းအဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးများကိုကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများရှိ ခရီးသွားလုပ်ငန်းအရာရှိများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ပညာရေးနယ်ပယ်မှပညာရှင်များပါဝင်သည့် “အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်းဆွေးနွေးပွဲ” ကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စက်ရုံရေရှည်တည်တံ့ပြီး ကုန်ထုတ်လုပ်မှုများ အပြည့်အဝဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းကြပ်မတ်ကြိုးပမ်းဆောင်ရွက်




**နေပြည်တော် နိုဝင်ဘာ ၅**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသည့် ယူရီးယားဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ထုတ်လုပ်ရရှိသော ယူရီးယားဓာတ်မြေဩဇာများ၏ အရည်အသွေးပြည့်မီစေရေးကိုလည်း အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)၏ ကုန်ထုတ်လုပ်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဂရုပြုဆောင်ရွက်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စက်ရုံကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ၏ ကြံ့ခိုင်ရေးကို အမြဲမပြတ်ပြင်ဆင်ထိန်းသိမ်းကြရန်လိုကြောင်း၊ ဓာတ်မြေဩဇာ အိတ်သွတ်ထုပ်ပိုးခြင်းကိုလည်း အလေးချိန်နှင့် အချင်အတွယ် ပြည့်မီစေရေး ဂရုပြုဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စက်ရုံလုံခြုံရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် စက်ရုံရေရှည်တည်တံ့ပြီး ကုန်ထုတ်လုပ်မှုများအပြည့်အဝဆောင်ရွက်နိုင်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ဝိုင်းဝန်းကြပ်မတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့ပြီး စက်ရုံအတွင်းလှည့်လည်၍ ယူရီးယားဓာတ်မြေဩဇာများ ထုတ်လုပ်နေမှုနှင့် အိတ်သွတ်ထုပ်ပိုးနေမှု၊ ဓာတ်ခွဲခန်း၊ ပင်မထိန်းချုပ်ခန်း၊ တစ်သျှူးငှက်ပျောစိုက်ခင်း၊ တစ်သျှူးငှက်ပျော ထပ်မံတိုးချဲ့စိုက်ပျိုးမည့်မြေနေရာနှင့် ဝန်ထမ်းနှင့် မိသားစုကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားလေ့ကျင့်ရန်နေရာများ ကြည့်ရှုစစ်ဆေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ၌မွှာရုံ၌ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဝန်ထမ်းများနှင့်အတူ နေလယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ယူရီးယားဓာတ်မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ကုန်းတွင်းလုပ်ကွက်များမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်)တို့ကို လည်ပတ်၍ တစ်ရက်လျှင် ယူရီးယားဓာတ်မြေဩဇာတန် ၃၀၀ ခန့်စီ ထုတ်လုပ်ပေးလျက်ရှိသည်။ ထုတ်လုပ်ရရှိသည့် ယူရီးယားဓာတ်မြေဩဇာများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် တောင်သူလယ်သမားများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဦးစီးဌာနရုံးများ၊ မူလတန်းကြိုကျောင်းများ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဘားအံမြို့ အမှတ်(၃)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်နေသော ကလေးငယ်များ၏ ဉာဏစွမ်းရည်တိုးတက်စေရန် လေ့ကျင့်နေမှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာ ကြည့်ရှုအားပေးကာ ကလေးများအတွက် ဖြည့်စွက်စာ အာဟာရဖြစ်စေရန် မုန့်များကျွေးမွေး၍ မူလတန်းကြိုကျောင်းအုပ်နှင့် ဆရာမများကို ကလေးများ မူကြိုကျောင်းတွင် ပျော်ရွှင်စွာနေထိုင်ရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းတွင် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ဖွင့်လှစ်လျက်ရှိသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဘားအံမြို့ အမှတ်(၈)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းသို့ လည်းကောင်း သွားရောက်ပြီး တက်ရောက်နေသော ကလေးငယ်များ၏ ဉာဏစွမ်းရည်တိုးတက်စေရန် လေ့ကျင့်နေမှုကို ရင်းနှီးနွေးထွေးစွာကြည့်ရှုအားပေးကာ ကလေးများအတွက် ဖြည့်စွက်စာ အာဟာရဖြစ်စေရန် မုန့်များကျွေးမွေး၍ မူလတန်းကြိုကျောင်းအုပ်နှင့် ဆရာမများအား ကလေးများ မူကြိုကျောင်းတွင် ပျော်ရွှင်စွာနေထိုင်ရေး ဂရုပြုဆောင်ရွက်ကြရန်နှင့် မူကြိုကျောင်းရှိ လိုအပ်ချက်များကို ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေဖြင့် ကျခံဖြည့်ဆည်းပေးနိုင်ရေး မှာကြားသည်။



**မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့်အတူ ဘားအံမြို့ အမှတ်(၈)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ် လူမှုဝန်ထမ်းရုံးများနှင့် မူလတန်းကြိုကျောင်းများ၊ ပြည်နယ်/ခရိုင်/မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးစခန်းတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှပေးအပ်ချီးမြှင့်သော ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများအား ထပ်ဆင့်ဂုဏ်ပြု



**နေပြည်တော် နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ရဲရဲဝံ့ဝံ့နှင့် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ရဲဗလတံဆိပ်ကို ပဲခူးခရိုင်မှ ခုနစ်ဦး၊ ညောင်လေးပင်ခရိုင်မှ ကိုးဦး၊ တောင်ငူခရိုင်မှ ၁၀ ဦး၊ ပြည်ခရိုင်မှ နှစ်ဦး၊ နတ်တလင်းခရိုင်မှ ကိုးဦး၊ သာယာဝတီခရိုင်မှ ရှစ်ဦး စုစုပေါင်း ၄၅ ဦးရရှိကြရာ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ဖြစ်သည့် ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ စုစုပေါင်း ၂၆ ဦး ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခံရကြောင်း သိရသည်။

အဆိုပါ ရဲဗလဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင် ရဲဗလတံဆိပ်ချီးမြှင့်ခံရသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦး၊ ဌာနဆိုင်ရာဝန်ထမ်း တစ်ဦး၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရှစ်ဦးနှင့် ရာအိမ်မှူး ၁၆ ဦး စုစုပေါင်း ၂၆ ဦးတို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ်အနီး တန်ဆောင်တိုင်ပွဲတော်ကျင်းပမည့် MSME အရောင်းပြခန်းများ ခင်းကျင်းပြသနိုင်ရေးစီစဉ်ထားရှိမှုနှင့် စတုဒိသာကျွေးမွေးမည့် မဏ္ဍပ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# APT Young Professional and Students Programme (APTYPS) 2022 “IoT Smart Challenge for Agri–Tech Sector” ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကျင်းပခဲ့သည့် APT Young Professional and Students Programme (APTYPS) 2022 “IoT Smart Challenge for Agri–Tech Sector” ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ Hybrid Format ဖြင့် ကျင်းပသည်။





**အမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွဲ့ဝင်နိုင်ငံ ၃၈ နိုင်ငံရှိသည့် အာရှ–ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (APT) သို့ မြန်မာနိုင်ငံသည် ၁၉၇၉ ခုနှစ်မှစတင်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို APT ၏ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိုင်စီတီနှင့်စပ်လျဉ်းသည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များတွင် ဒေသတွင်း ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် APT ညီလာခံများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများသို့လည်း ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံအတွင်း အိုင်စီတီလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ခဲ့ကြောင်း၊ ယနေ့ ဒစ်ဂျစ်တယ်ခေတ်မှာ မြန်မာနိုင်ငံအတွင်းနေထိုင်နေကြသည့် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် အိုင်စီတီနည်းပညာများကို ကောင်းမွန်စွာအသုံးပြုနိုင်ရန် အင်မတန်အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း၊ အိုင်စီတီနည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို ကောင်းမွန်မှန်ကန်စွာအသုံးပြုနိုင်လျှင် တန်ဖိုးဖြတ်မရသည့် အကျိုးရလဒ်များရရှိနိုင်သလို မှန်ကန်စွာအသုံးမပြုနိုင်လျှင်လည်း ကြီးမားသည့် ဆိုးကျိုးများအား ရရှိစေမည်ကို မိမိတို့၏လူငယ်များ သတိပြုမိနိုင်ရန်လိုအပ်ကြောင်း၊ လူငယ်များ အိုင်စီတီနည်းပညာကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုအပ်သည့် ပညာပေးအစီအစဉ်များ၊ လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာဖလှယ်ရေးအစီအစဉ်များအား အလျဉ်းသင့်သလို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုနှစ်ယှဉ်ပြိုင်ခဲ့သည့် ခေါင်းစဉ်မှာ “IoT Smart Challenge for Agri–Tech Sector” ခေါင်းစဉ်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ICT နည်းပညာအသုံးချနိုင်ရေး ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနည်းပညာသစ်များ ပေါ်ထွန်းလာစေပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို အိုင်စီတီနည်းပညာဖြင့် မောင်းနှင်နိုင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်မည်ကိုလည်း မျှော်မှန်းပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှ–ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (APT)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Masanori Kondo က အွန်လိုင်းဖြင့်တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြိုင်ပွဲကျင်းပခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က အမှာစကားပြောကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် အောက်တိုဘာ ၁၆ ရက်တွင် ပြုလုပ်သည့် ပြိုင်ပွဲတွင် အသက် ၁၇ နှစ်မှ ၂၀ နှစ်အထိ ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် Senior IoT Smart Challenge အဆင့်၌ ပထမဆုရရှိသူ Auston College Myanmar (Yangon)မှ A.I Cloud Greenhouse အဖွဲ့၊ ဒုတိယဆုရရှိသူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ Team SFT အဖွဲ့နှင့် တတိယဆုရရှိသူ မုံရွာနည်းပညာတက္ကသိုလ်မှ Team Brewers အဖွဲ့တို့ကိုလည်းကောင်း၊ အသက် ၁၂ နှစ်မှ ၁၆ နှစ်အထိ ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် Junior IoT Smart Challenge အဆင့်၌ ပထမဆုရရှိသူ ကြယ်စင်သွန်း ကွန်ပျူတာစင်တာမှ Twin Star အဖွဲ့၊ ဒုတိယဆုရရှိသူ Institute of International Professionalism မှ AUTOBOT အဖွဲ့နှင့် တတိယဆုရရှိသူ ကြယ်စင်သွန်း ကွန်ပျူတာစင်တာမှ Starlight အဖွဲ့တို့ကိုလည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ၏ ICT ဆိုင်ရာ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အဖွဲ့အစည်းအတွင်း အချင်းချင်းပူးပေါင်းလုပ်ဆောင်တတ်လာစေရန်၊ သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးလာစေရန်နှင့် နည်းပညာတီထွင်ဆန်းသစ်မှုများ တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် APT Young Professionals and Students Programme ကို APT ၏ အကူအညီဖြင့် ၂၀၁၈ ခုနှစ်တွင် “University Robotic Challenge”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် “Innovative Robot” ခေါင်းစဉ်ဖြင့်လည်းကောင်း ပြုလုပ်ခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင် “IoT Smart Challenge for Agri–Tech Sector” ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၅**

အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်အရ လုပ်ငန်းခွင်ထိခိုက်သေဆုံးသွားသော အာမခံအလုပ်သမား သုံးဦး၏ မိသားစုကို ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၂၈၁၆၀၀၀ နှင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထောက်ပံ့ခံရသူ အာမခံအလုပ်သမားနှစ်ဦးကို ငွေကျပ် ၁၉၄၁၁၀၅၆ စုစုပေါင်းငွေကျပ် ၃၂၂၇၀၅၆ ကို ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေးအပ်**

ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာ တိုင်းဦးစီးမှူးများ၊ ရွှေပြည်သာစက်မှုဇုန်တာဝန်ခံများ၊ CMP စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ HR မန်နေဂျာများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများနှင့် တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနေသည့် လုပ်ငန်းများဖြစ်၍ အမှာစာအပေါ်မူတည်ပြီး သတ်မှတ်ချိန်အတွင်း ကုန်စည်များတင်ပို့နိုင်ရေး ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ရာ လုပ်သားများ၏ ကျွမ်းကျင်မှုစွမ်းရည်သည် များစွာအရေးပါကြောင်း၊ ရွှေပြည်သာစက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံ ၅၅၀ ကျော်နှင့် လုပ်သားအင်အား ၁၀၀၀၀၀ ကျော်ရှိ၍ စက်မှုဇုန်ကော်မတီဝင်များနှင့် လုပ်ငန်းရှင်များ၊ HR မန်နေဂျာများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ စဉ်ဆက်မပြတ်ထိတွေ့၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း။

**ရှင်းလင်းပြောကြား**

အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားသူများကို ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ စာချုပ်ဆေးခန်းများ ၅၆ ခန်းနှင့် Provider–Purchaser Splits စနစ်အရ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ပူးပေါင်းစာချုပ် ချုပ်ဆို၍ Fee For Service Payment ဖြင့် ပုဂ္ဂလိကဆေးခန်း ၁၂ ခန်းနှင့် Capitation Payment ဖြင့် ပုဂ္ဂလိကဆေးခန်း ၂၆ ခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးဥပဒေနှင့်အညီခံစားနိုင်ရေး လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်ဆောင်ရွက်စေလိုကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးမှုများကို စနစ်တကျဆောင်ရွက်ထားခြင်းဖြင့် ကိုဗစ်–၁၉ ကင်းစင်သည့် ပတ်ဝန်းကျင်ကို ရရှိနိုင်၍ နိုင်ငံတော်နှင့် အလုပ်ရှင်၊ အလုပ်သမားများအတွက် များစွာအကျိုးရှိစေကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာဌာနတာဝန်ခံများက ရှင်းလင်းပြောကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အလုပ်သမားဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဦးစီးမှူးများ၊ စက်မှုဇုန်တာဝန်ခံများနှင့် မြို့နယ်တာဝန်ခံအရာရှိများဖြင့် Costec အထည်ချုပ်စက်ရုံ၊ So No အထည်ချုပ်စက်ရုံနှင့် Hensheng အိတ်ချုပ်စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ဘဝကို ခက်ခက်ခဲခဲဖြတ်သန်းခဲ့ရင်း ရည်မှန်းချက်မြောက် ပန်းတိုင်ရောက်ခဲ့ရပါတယ်။ ဖြတ်သန်းခဲ့ရတဲ့အထဲက တစေ့တစောင်း မီးမောင်းထိုးပြထားတဲ့ ရေအဆန်လေထန်ကြမ်းပေမယ့် ကမ်းရောက်ခဲ့ပြီ စာမူနဲ့ဆုရတော့ အတိုင်းထက်အလွန်ဝမ်းသာတာပေါ့။

ရေနံ့သာမောင်ကျော်ညွန့်

**တွေ့ဆုံမေးမြန်း - လင်းရာမ**

**ဓာတ်ပုံ - ကိုထက်**

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်–**

**ကလောင်အမည် – ရေနံ့သာမောင်ကျော်ညွန့်**

**စာမူအမည် – ရေအဆန် လေထန်ကြမ်းပေမယ့် ကမ်းရောက်ခဲ့ပြီ**

**ဘာသာရပ် – လူငယ်စာပေ(စာပေဗိမာန်စာမူ ဒုတိယဆု)**

"အခုဆုရတဲ့စာမူက လူငယ်တစ်ယောက်အကြောင်း ရေးထားတာပါ။ လူငယ်တစ်ယောက်ဆိုတာ တခြားသူ မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်ပါပဲ။ ကျွန်တော် လူငယ်ဘဝမှာ ဖြတ်သန်းခဲ့ရတာတွေကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ငယ်ဘဝကို ဝတ္ထုဆန်ဆန်ရေးထားတဲ့ ဘဝသရုပ်ဖော်အဖွဲ့လို့ပဲ ပြောပါရစေ။ ကျွန်တော့်လိုပဲ ဘဝကြမ်းတဲ့လူငယ်တွေ၊ ဘဝကြမ်းပေမယ့် ရည်မှန်းချက်ရှိတဲ့လူငယ်တွေ၊ ရည်မှန်းချက်မြောက် ပန်းတိုင်ရောက်အောင် ကျားကုတ်ကျားခဲ လျှောက်လှမ်းနေရတဲ့လူငယ်တွေ၊ ပန်းတိုင်မရောက်မီ အခက်အခဲအမျိုးမျိုး၊ အဟန့်အတားအဖုံဖုံ၊ စိန်ခေါ်မှုမျိုးစုံနဲ့ ရင်ဆိုင်နေရတဲ့လူငယ်တွေရှိနေမှာပါ။ အဲဒီလိုလူငယ်တွေကတော့ ဘဝမြစ်ပြင်ကျယ်ကြီးထဲမှာ လေထန်ကြမ်းတဲ့ ရေအဆန်လမ်းကို ဖြတ်သန်းပြီး ကမ်းစပ်ရောက်အောင် ကြိုးစားကူးခတ်နေကြရတဲ့သူတွေပါပဲ။

ဘဝမြစ်ပြင်ကျယ်ကို ကူးခတ်တဲ့အခါမှာ စိတ်ဓာတ်ခွန်အားက အင်မတန်အရေးကြီးပါတယ်။ စိတ်ဓာတ်ခွန်အား လျော့ပါးသွားတာနဲ့ လမ်းကြောင်းက ကွေ့ကောက်ပြောင်းလဲတတ်ပါတယ်။ ဒီတော့ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်သွားရော။ မျက်ခြည်ပြတ်တော့ ပန်းတိုင်နဲ့က ဝေးသထက်ဝေးသွားတာပေ့ါ။ ရည်မှန်းချက်ပန်းတိုင် မရောက်တော့ဘူး။ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘူး၊ ဇွဲနပဲနဲ့ကြိုးစားအားထုတ်တယ်၊ စိတ်ဓာတ်ခွန်အားသန်မာတယ်ဆိုတဲ့သူတွေက ရည်မှန်းချက်ပန်းတိုင်ကို ရောက်သွားကြတာပဲ။ အင်မတန်ကြမ်းတမ်းတဲ့ဘဝလမ်းပေါ်မှာ ရဲရဲဝံ့ဝံ့၊ ကျားကုတ်ကျားခဲ၊ မဖြစ်မနေကြိုးစားအားထုတ်ရင် ရည်မှန်းချက်ပန်းတိုင်ရောက်ပါတယ်။ ဒါကြောင့် **ရေအဆန် လေထန်ကြမ်းပေမယ့် ကမ်းရောက်ခဲ့ပြီ**လို့ အမည်ပေးလိုက်တာဖြစ်ပါတယ်။

လူငယ်ဘဝကို ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရင်း ရည်မှန်းချက်မြောက် ပန်းတိုင်ရောက်ခဲ့ရပါတယ်။ ဖြတ်သန်းခဲ့ရတဲ့အထဲက တစေ့တစောင်း မီးမောင်းထိုးပြထားတဲ့ **ရေအဆန်လေထန်ကြမ်းပေမယ့် ကမ်းရောက်ခဲ့ပြီ** စာမူနဲ့ဆုရတော့ အတိုင်းထက်အလွန်ဝမ်းသာတာပေ့ါ။ လူငယ်တွေအတွက် တစ်စုံတစ်ရာအတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိနေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"။

ဆရာရေနံ့သာမောင်ကျော်ညွန့်အား အဘ ဦးအောင်သိုက်၊ အမိ ဒေါ်အေးကြိုင်တို့က မကွေးတိုင်း ရေနံချောင်းမြို့နယ် စိန်ပန်းပင်ကျေးရွာအုပ်စု ချန်ကန်(ပ)ကျေးရွာ၌ ၁၉၅၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၉ ခုနှစ် မေလထုတ် ပညာတန်ဆောင်မဂ္ဂဇင်းပါ ကလေးများနှစ် ကဗျာဖြင့် စာပေနယ်ပယ်သို့ဝင်ရောက်ခဲ့ပြီး ပညာတန်ဆောင်၊ ငွေတာရီ၊ မြဝတီ၊ တို့ကျောင်းသား၊ မိုးသောက်ပန်းဂျာနယ်၊ တေဇ၊ ရွှေသွေး၊ ရှုမဝ၊ ပေဖူးလွှာ၊ စစ်ပြန်၊ သွေးသောက်၊ သာရ၊ ကြီးပွားရေး၊ မြတ်လေး၊ လုံမလေး၊ မဟေသီတို့တွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့ကာ လက်ရှိတွင် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများ၊



ရေနံ့သာမောင်ကျော်ညွန့်



သန်းဝင်းထွန်း(ဆွာ)

ပုဂ္ဂလိကပိုင်သတင်းစာများနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများကို စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။ ဆရာကြီး၏ အမည်ရင်းမှာ ဦးကျော်ညွန့်ဖြစ်ပြီး ကလောင်အမည်များမှာ ရေနံ့သာမောင်ကျော်ညွန့်၊ ရေနံ့သာမောင်ကျော်ညွန့်(ချန်ကန်)၊ ချန်ကန်သားတောချစ်၊ နံ့သာကျော်၊ ရာဇာကျော်၊ ရာဇာညွန့်၊ ရွှေချောင်းသားတို့ ဖြစ်သည်။

နိုင်ငံတော်ကချီးမြှင့်သော စာပေဆုများအနေဖြင့် ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆိုကရေးတီး(တေးရေး)ဆု၊ တပ်မတော်နေ့အထိမ်းအမှတ်စာပေဆု၊ မြဝတီစာပေတိုက် တစ်နှစ်တာအကောင်းဆုံး စာမူဆု၊ ရွှေသမင်စာပေဆု၊ ပညာတန်ဆောင်စာပေဆုများ စုစုပေါင်း ၃၁ ဆု ရရှိခဲ့သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ပုံပြင်၊ ကဗျာပေါင်းချုပ်ဆု၊ ကလေးကဗျာပေါင်းချုပ်၊ အတွေးအမြင်စာစုများ အမည်ဖြင့် စာအုပ်ပေါင်း ၂၁ အုပ် ရေးသားပြုစုထုတ်ဝေခဲ့သည်။

**ကလောင်အမည် – သန်းဝင်းထွန်း(ဆွာ)**

**စာမူအမည် – ကြွေလုဝေဝေ**

**ဘာသာရပ် – ဝတ္ထုရှည်(စာပေဗိမာန်စာမူ ဒုတိယဆု)**

"ကျွန်တော် ၂၀၁၉ အကုန် ၂၀၂၀ နှစ်စလောက်ကတည်းက ပြိုင်ပွဲဝင်မယ်လို့ ရည်ရွယ်ခဲ့တာပါ၊ အဲဒီလို ရည်ရွယ်ထားတဲ့အချိန်မှာပဲ ကျွန်တော့်ရဲ့ ဆရာဖြစ်တဲ့ စလင်းဘုန်းကျော်က ကျွန်တော့်ဆီရောက်လာပြီးတော့ စကားတွေပြောဖြစ်တယ်။ သူနဲ့ကျွန်တော်က မိခင်တပ်ရင်းတစ်ရင်းတည်းဖြစ်ကြတယ်၊ နောက်စာပေနယ်မှာလည်း သူနဲ့ကျွန်တော်က ဆရာတပည့်တွေလည်းဖြစ်တယ်ပေ့ါဗျာ။ သူက ကျွန်တော့်ကို မင်း စာပေဗိမာန်စာပေဆုတော့ပြိုင်သင့်တယ်၊ မင်းအနေနဲ့ အခြားပြိုင်ပွဲမှာ ဆုတွေလည်း ရဖူးတာပဲလို့ပြောတယ်။ အဲဒီတော့ ဟုတ်ကဲ့ဆရာ ပြိုင်တာတော့ ဟုတ်တယ်၊ ကျွန်တော်ကတော့ မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလိုပွဲကြီးမျိုးမှာဝင်ပြိုင်တာ ကျွန်တော့်အတွက် မဝံ့မရဲဖြစ်တာပေ့ါဗျာလို့ ကျွန်တော်ပြောတော့ မလိုပါဘူးကွာတဲ့၊ မင်း ဆုရရင် လူတွေသိမယ်၊ ဆုမရရင်မသိဘူး။ မင်းပြိုင်သင့်တယ်၊ မင်းလက်နဲ့ဖြစ်လောက်ပါတယ်လို့ သူကပြောတော့ ကျွန်တော်လည်းအားရှိသွားတယ်။ အဲလိုနဲ့ ကျွန်တော် ပြိုင်ဖို့ကတိပေးလိုက်တယ်၊ အဲဒါနဲ့ဝင်ပြိုင်ဖြစ်သွားတာပါ။

ဒီစာအုပ်ကတော့ ကျွန်တော်ရေးနေကျ အတိုင်းပါပဲ၊ စစ်ဝတ္ထုဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ တောထဲမှာကြုံတွေ့ခဲ့ရမှုတွေ၊ ဒုက္ခရောက်ခဲ့ပုံတွေ၊ အဲလိုတွေနဲ့ ကျွန်တော်က ဖခင်တစ်ယောက်ရဲ့ မေတ္တာကို ဖော်ကျူးထားပါတယ်။ တောထဲမှာ ကလေးတစ်ယောက်ကောက်ရတယ်၊ သူ့ကိုမွေးစားတယ်၊ အဲဒီအတွက် သူ့ရဲ့အခြားတစ်ဖက်မှာ ဆုံးရှုံးမှုတွေရှိခဲ့တယ်၊ အဲဒါကို သူက ဆုံးရှုံးတယ်လို့မထင်ဘဲနဲ့ ဒီကလေးလေးရဲ့ဘဝတစ်ခုလုံးအတွက်ကို သူပေးဆပ်ပြီးတော့ ကြီးပြင်းလာခဲ့တယ်၊ ဒီကလေးကိုသူပြုစုပျိုးထောင်ခဲ့တယ်။ အဲဒါကို ဖခင်မေတ္တာကိုဖော်ကျူးပြီးရေးထားတဲ့ ဝတ္ထုအမျိုးအစားလေး ဖြစ်ပါတယ်။

ဒီစာပေဗိမာန်ဆုကတော့ စာရေးဆရာတွေမှန်သမျှလိုချင်တဲ့ဆုပါပဲ၊ ကျွန်တော်လည်းလိုချင်ပါတယ်။ ဘာလို့လဲဆိုတော့ သမိုင်းတစ်ခုရဲ့ စာရေးဆရာဘဝမှာ မှတ်တိုင်တစ်ခုပါပဲ၊ ဒီထက်မြင့်တဲ့ အမျိုးသားစာပေဆုလည်း လိုချင်ပါတယ်။ ထပ်ပြီးတော့ အဲဒီအတွက်လည်း ကျွန်တော် ရည်ရွယ်ပါတယ်၊ ငွေရေးကြေးရေးကြောင့်မဟုတ်ဘဲနဲ့ ဆုရရင်ကိုပဲ စာရေးဆရာဆိုတာ ပီတိတွေအများကြီးဖြစ်ရပါတယ်။ ပြီးတော့ ကျွန်တော်တို့သမိုင်းတစ်ခေတ်လည်း စာပေဗိမာန်မှာဆုရခဲ့ပါလား၊ ဆုရသူတွေပါလား၊ နောက်ထပ်ဆုတွေလည်း မျှော်လင့်လို့ရပါလားဆိုတဲ့ ရည်ရွယ်ချက်တွေအများကြီးပါတယ်။ တကယ်လည်း ပီတိဖြစ်ရပါတယ်၊ နောက်လည်း ဆုတွေရအောင်ကြိုးစားဦးမှာပါ။

ပြီးတော့ ကျွန်တော့်ရဲ့ညီငယ်ညီမငယ်တွေလည်း ဒီလိုဆုမျိုးတွေကို ဝင်ပြိုင်ပါ၊ အားမငယ်ပါနဲ့လို့ ကျွန်တော်ပြောချင်ပါတယ်။ ပြိုင်ဖို့သင့်တယ်၊ ဘယ်လိုစာပေအမျိုးအစားပဲဖြစ်ဖြစ်၊ သုတပဲဖြစ်ဖြစ်၊ ရသပဲဖြစ်ဖြစ် နိုင်ငံတော်အတွက် အကျိုးပြုမယ့်စာကောင်းပေမွန်တွေကို များများရေးပြီးတော့ ဒီလိုပြိုင်ပွဲမှာဝင်ပြိုင်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။ နောက်ဒီဆုတွေကိုချီးမြှင့်ပေးတဲ့ နိုင်ငံတော်အစိုးရကိုရော၊ ပြန်ကြားရေးဝန်ကြီးဌာနကိုရော၊ စာပေစိစစ်အကဲဖြတ်တဲ့ ပုဂ္ဂိုလ်တွေရော၊ စာဖတ်ပရိသတ်ပြည်သူတွေကိုရော အားလုံးကျေးဇူးအထူးတင်ပါတယ်"။

ဆရာသန်းဝင်းထွန်း(ဆွာ)သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဇာတိဖြစ်ပြီး စာပေနယ်သို့ ၁၉၉၄ ခုနှစ်တွင် ရေးသားသည့် **ခွင့်လွှတ်ပါရန်** ဝတ္ထုတိုဖြင့် ပြည်သူ့တပ်မတော်စာစဉ်တွင်ဖော်ပြခံရပြီး စာပေနယ်သို့ ရောက်ရှိခဲ့သည်။ ၁၉၉၇ ခုနှစ် ပြည်သူ့တပ်မတော်စာစဉ်၏ တစ်နှစ်တာအကောင်းဆုံးဝတ္ထုတိုဆု၊ ၁၉၉၇ ခုနှစ် (၅၂)နှစ်မြောက်တပ်မတော်နေ့တွင် ဆောင်းပါးအထူးဆု(၁)၊ ၂၀၀၄ ခုနှစ် ပြည်သူ့တပ်မတော် စာစဉ် ဝတ္ထုတို၊ ဆောင်းပါးပြိုင်ပွဲတွင် ဝတ္ထုတို ဒုတိယဆု၊ ၂၀၂၀ ပြည့်နှစ် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့တွင် ဝတ္ထုရှည်နှစ်သိမ့်ဆု(၂)၊ ၂၀၂၁ ခုနှစ် (၇၆)နှစ်မြောက်တပ်မတော်နေ့ စာပေပြိုင်ပွဲတွင် ဝတ္ထုရှည်ပထမဆုများ ရရှိခဲ့သည်။ ဆရာသန်းဝင်းထွန်း(ဆွာ)သည် ၂၀၂၀ ပြည့်နှစ်တွင် ကျော်ရှိန်း လုံးချင်းဝတ္ထုရှည်၊ ၂၀၂၁ ခုနှစ်တွင် ပန်းတို့၏အလင်္ကာ လုံးချင်းဝတ္ထုရှည်နှင့် ၂၀၂၁ ခုနှစ်တွင် ချစ်မွေး လုံးချင်းဝတ္ထုရှည်များ ထုတ်ဝေခဲ့ပြီး နောက်ထပ် စာကောင်းပေမွန်စာအုပ်များလည်း ရေးသားလျက်ရှိကာ မကြာမီစာဖတ်သူလက်ဝယ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

## ဆရာမကြီး စောမုံညင်း၏ "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု"စာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဆရာမကြီး စောမုံညင်း၏ **"မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု"**စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု အခြေခိုင်ခဲ့သော တိုင်းပြည်တစ်ပြည်ပင်ဖြစ်သည်။ ထိုရှေးဟောင်းရိုးရာယဉ်ကျေးမှုများအနက် အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုသည်လည်း အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိခဲ့ပေသည်။ တိမ်မြုပ်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှု အထောက်အထားများနှင့် မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့ပုံများကို ရှာဖွေဖော်ထုတ်ရုံသာမကဘဲ မြန်မာအမျိုးသမီးများသည် စာတစ်စောင်ပေတစ်စောင်ဖွဲ့အပ်သောသူများ ဖြစ်ပုံ၊ အခြားနိုင်ငံသူ အမျိုးသမီးများထက် ထူးခြားသော အခွင့်အရေးရရှိပုံ၊ မည်သည့်ကိစ္စ၌မဆို ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်သူများဖြစ်ပုံကို နိုင်ငံခြားသားမှတ်တမ်းများက ဖော်ပြထားသည်များပါမကျန် တကောင်းခေတ်မှစ၍ ပျူ၊ ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်၊ အမရပူရ၊ ရတနာပုံ ခေတ်အသီးသီး၏ ဝတ်စားဆင်ယင်မှုများကို ခေတ်လူငယ်အမျိုးသမီးများ စိတ်ပါဝင်စားစေရန်နှင့် ဂုဏ်ယူသဘောပေါက်လာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ဆရာမကြီး စောမုံညင်းက ရေးသားပြုစုထားပါသည်။

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ ထိုနှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအမွေအနှစ်များကို ဆရာမကြီးက မှတ်တမ်းများ ကျန်ရစ်ရလေအောင် ပြည့်ပြည့်စုံစုံ ကြိုးပမ်းအားထုတ်ရေးသားထားသောကြောင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရမည့် နိုင်ငံသားတိုင်းအတွက် "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်သည် လက်မလွှတ်တမ်းဖတ်ရှုသင့်သည့် အိမ်တွင်ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၅၀၀ ဖြင့် အမှတ်(၅၂၉–၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈)၊ အမှတ် (တ– ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန(ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၅**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "သိန်းဇော်(ရွှေလီဦး)" ရေးသားသည့် "ဖားဝိဇ္ဇာနှင့်ကျေးရွာအလှဝတ္ထုတိုများ"စာအုပ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူ့အဖွဲ့အစည်းနှင့် ကိုယ်ကျင့်သီလ

ဟန်နိုင်စိုး

ကျွန်တော်တို့ရဲ့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက ကိုယ်ကျင့်သီလနဲ့ပတ်သက်ပြီးတော့ အခုလိုမိန့်ကြားဖူးပါတယ်။ “လူ့လောကမှာ အင်မတန်ကောင်းတဲ့ ကိုယ်ကျင့်သိက္ခာ ငါးပါးသီလကိုတော့ အပြည့်အဝ မထိန်းချင်ကြဘူး။ အလှူအတန်းကြီးတွေတော့ မဏ္ဍပ်ကြီးတွေထိုးပြီး အကြီးအကျယ်ပေးတယ်။ အဆောင်အယောင်တွေ၊ ပကာသနတွေ။ သီလထိန်းတာက လူမမြင်ရတော့ အရသာက တယ်မရှိဘဲကိုး။ မဏ္ဍပ်ကြီးနဲ့ အလှူကြီးပေးတာကတော့ လူမြင်သူမြင်မို့ ဟိုကချီးမွမ်း၊ ဒီကချီးမွမ်း အရသာရှိတယ်။ သာယာဖွယ်ဖြစ်တယ်။ အင်း ... သံသရာနဲ့ကြည့်လိုက်တော့ လူချီးမွမ်းမခံရတဲ့ သီလကမှ စိတ်ချရတာပဲ။ ဘဝကူးကောင်းဖို့နဲ့ပတ်သက်လာလျှင် သီလက ဒါနထက်ပိုပြီး အားကိုးရတယ်။ တချို့များ သီလဖျက်ပြီးတော့ စီးပွားရှာလိုက်ကြတာ။ သားသမီးတွေကလည်း မိဘလုပ်တဲ့အတိုင်း လိုက်လုပ်ကြတာပဲ။ သံသရာထဲမှာ ရင်လေးစရာပေါ့။ သံသရာခရီးတစ်လျှောက်လုံးအတွက်ပါ ကြည့်ရမှာ” လို့ ဆရာတော်ကြီး ဆုံးမခဲ့ဖူးတာကို စာပေတွေထဲကနေ မှတ်သားဖူးပါတယ်။

**သီလစောင့်ထိန်းမှုက ဒါနထက်အားနည်း**

ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဒါနအား အင်မတန်ကောင်းတာ ကမ္ဘာမှာ ကျော်ကြားပါတယ်။ ထိုနည်းတူစွာပဲ မြန်မာတွေ သီလအားကောင်းတာကိုလည်း ကမ္ဘာကျော်စေချင်တယ်။ ဒါပေမဲ့ မြန်မာတွေရဲ့ သီလစောင့်ထိန်းမှုက ဒါနထက် အားနည်းတာတော့အမှန်ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အရပ်ထဲမှာ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ “အူမတောင့်မှ သီလစောင့်မယ်” တဲ့။ အဲဒီစကားကို သေချာစေ့ငုကြည့်လိုက်ရင် “အူမ မတောင့်ရင် သီလမစောင့်နိုင်ဘူး” ဆိုတဲ့ သဘောသက်ရောက်နေတာ။ အူမကတော့ ဘယ်အချိန်၊ ဘယ်အခါမှ တောင့်မလဲဆိုတာမသိဘူး။ ဒီစကားအရ သီလစောင့်ဖို့အတွက် တွန့်ဆုတ်နေတာတော့ ထင်ရှားတယ်။ သီလစောင့်ဖို့အတွက် တွန့်ဆုတ်နေတော့ ဘာဖြစ်သလဲ။ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းလာတတ်တယ်။

လူတွေဟာ အူမတောင့်ဖို့အတွက် နေ့စဉ်နဲ့အမျှ စီးပွားဥစ္စာတွေရှာကြရ၊ ဖွေကြရတယ်။ အလုပ်တွေ လုပ်ရတယ်။ နှုတ်နဲ့ပြောပြီး အလုပ်လုပ်တယ်။ ကိုယ်ကာယစိုက်ထုတ်ပြီးတော့ စီးပွားဥစ္စာတွေ ရှာကြရတယ်။ အဓိကကတော့ အူမတောင့်ဖို့၊ ဝမ်းရေးဖြည့်တင်းဖို့အတွက်ပါပဲ။ ဒါကို အသက်မွေးဝမ်းကျောင်းလို့လည်း ခေါ်ကြတယ်။

အဲဒီလို အသက်မွေးဝမ်းကျောင်းလုပ်တဲ့အခါမှာ လူတွေအားလုံးဟာ ကောင်းမွန်တဲ့စိတ်နေစိတ်ထားနဲ့ချည်း အလုပ်လုပ်နေကြတာတော့ မဟုတ်ဘူး။ အချို့က မကောင်းတဲ့အနေအထားတွေနဲ့လည်း လုပ်ကြတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်နဲ့၊ မိမိကြီးပွားရင်ပြီးရော၊ တခြားလူတွေ ဘာဖြစ်ဖြစ်ဆိုတဲ့အနေအထားမျိုးနဲ့လည်း အလုပ်လုပ်ကြတယ်။ ဥပမာ စီးပွားရှာတဲ့အခါမှာ ကိုယ်အူမတောင့်ဖို့အတွက် စားသောက်ကုန်တွေဆိုလည်း အတုလုပ်တာတွေရှိတယ်။ ဆေးဝါးတွေဆိုရင်လည်း အတုလုပ်တာတွေရှိတယ်။ ဆီဆိုလည်း မသန့်တာတွေနဲ့ရောတယ်။ အကြော်အလှော်ဆိုလည်း မသန့်တာတွေနဲ့ရောတယ်။ အသီးအနှံတွေကအစ ဆိုးဆေးတွေ သုံးတယ်။ နွားနို့ဆိုရင်လည်း ရေလေးနည်းနည်းတော့ ရောလိုက်ရမှ နေသာထိုင်သာရှိတယ်။ အချို့ ငါးပိထုတ်လုပ်တဲ့ပုဂ္ဂိုလ်တွေကလည်း ဓာတ်မြေဩဇာတွေနဲ့ရောတယ်လို့ သတင်းတွေကြားနေရတာပဲ။ ငါးပိကြိုက်တဲ့ မြန်မာလူမျိုးတွေရဲ့ ကျန်းမာရေး ဘယ်လောက်ထိခိုက်ကုန်မလဲ။

**အကျင့်သီလချို့ယွင်းခြင်းကြောင့် ရောဂါဝေဒနာတွေဖြစ်လာ**

အခုမြန်မာနိုင်ငံမှာ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါတို့ ပိုပိုပြီးတော့များလာတာဟာ အဲဒီလို အစားအသောက်တွေကြောင့်ဖြစ်တယ်လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ပိုးသတ်ဆေးတွေ အလွန်အကျွံသုံးတယ်။ ဓာတုဗေဒဆေးတွေ၊ ဓာတ်မြေဩဇာတွေ အလွန်အကျွံအသုံးပြုပြီးတော့ စိုက်ပျိုးထားတဲ့ သီးနှံတွေကို စားကြတဲ့ပုဂ္ဂိုလ်တွေဟာ ဆေးကုလို့မဆုံးနိုင်အောင် ရောဂါဝေဒနာတွေ ဖြစ်လာကြမှာပဲ။ ဒါကြောင့်မို့လို့ ရောဂါဝေဒနာတွေ တဖြည်းဖြည်း များလာတာဟာ အကုသိုလ်ကံကြောင့်ချည်း သက်သက်တော့မဟုတ်ဘူးရယ်။ လူတွေရဲ့ အကျင့်သီလချို့ယွင်းခြင်းကြောင့် ရောဂါဝေဒနာတွေ ပိုပိုပြီးတော့ ဖြစ်လာတာလည်းပါတယ်လို့ ပညာရှိဆရာတော်ကြီးတွေက မိန့်ဆိုကြတယ်။ တချို့ကလည်း ဒါကို “အူမတောင့်မှ သီလစောင့်နိုင်မယ်” ဆိုတဲ့စကားကို တွင်တွင်ကျယ်ကျယ်ပြောနေကြတယ်။ တကယ်တော့ သီလဆိုတဲ့ သဘောတရားက ပတ်ဝန်းကျင်နဲ့ ဆက်စပ်ပြီးနေတာဖြစ်တယ်။

အလွယ်ဆုံးထပ်ပြီးတော့ပြောရရင် မြန်မာတွေ သီလနဲ့ပတ်သက်ပြီးတော့ အလွန်ကို နားလည်လွယ်တဲ့ ငါးပါးသီလအကြောင်းပဲ အရင်စဉ်းစားကြည့်ပါဦး။ ဥပမာ သူတစ်ပါးအသက်ကို မသတ်ပါဘူးဆိုတဲ့ ပါဏာတိပါတကံကို ထိန်းမယ်ဆိုရင် ပုဂ္ဂိုလ်၊ သက်ရှိသတ္တဝါရှိတဲ့ ပတ်ဝန်းကျင်နေရာမှာပဲ စောင့်ထိန်းလို့ရတယ်။ ပုဂ္ဂိုလ်၊ သက်ရှိသတ္တဝါ တစ်ဦးတစ်ယောက်မှမရှိတဲ့နေရာဆိုရင် အဲဒီကံကို ကျူးလွန်ချင်ရင်တောင် ကျူးလွန်လို့မရဘူး။

အဒိန္နာဒါနဆိုရင်လည်း ဒီအတိုင်းပဲ ခိုးစရာပစ္စည်းမရှိ၊ ခိုးစရာပစ္စည်းလည်းမတွေ့နိုင်တဲ့ ပတ်ဝန်းကျင်နေရာမျိုးမှာ ဘယ်ဟာကိုသွားခိုးမလဲ။ ခိုးစရာပစ္စည်းလည်းရှိ၊ ပတ်ဝန်းကျင်လည်းရှိလို့သာ ကျူးလွန်လို့ရတာ။ မုသာဝါဒလည်း တူတူပါပဲ။ လိမ်ညာပြောဆိုခံရမယ့်ပုဂ္ဂိုလ်၊ သတ္တဝါက ရှိဦးမှ လိမ်ညာပြောဆိုလို့ရတာလေ။

ကာမေသုမိစ္ဆာစာရလည်း ထို့အတူပါပဲ။ အဲဒီကံကျူးလွန်မယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်မှာ သူတစ်ပါး သားမယားက အဆင်သင့်ရှိနေဦးမှ ကျူးလွန်လို့ရတာ။ သုရာမေရယဆိုရင်လည်း ပတ်ဝန်းကျင်နဲ့ အများကြီးဆက်စပ်တယ်။ ရှည်ရှည်မတွေးပါနဲ့ဦး။ အရက်သေစာသောက်စားလို့ မူးယစ်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုရင် သူ့မိသားစု ဒုက္ခရောက်တယ်။ အရက်စွဲနေတယ်၊ မူးယစ်ဆေးဝါးစွဲနေတယ်ဆိုရင် သူ့မိသားစုက နံပါတ်တစ် အရင်ဒုက္ခရောက်ရတယ်။

ဆိုတော့ သီလဆိုတဲ့သဘောက ပတ်ဝန်းကျင်နဲ့ဆက်စပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်တွေအများကြီးရှိတယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာ လူတစ်ယောက် ကိုယ်ကျင့်သီလကောင်းလိုက်ရင် ကိုယ့်ပတ်ဝန်းကျင်မှာ အများကြီးစိတ်ချမ်းသာရာရတယ်။ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်ကစပြီး တစ်နိုင်ငံလုံး စောင့်ထိန်းနိုင်လေ၊ တစ်နိုင်ငံလုံး အေးချမ်းလေ၊ တစ်ကမ္ဘာလုံးစောင့်ထိန်းနိုင်လေ တစ်ကမ္ဘာလုံး အေးချမ်းလေဖြစ်မှာပဲ။

**ထင်ရှားတဲ့အဆိုအမိန့်တစ်ခု**

ကိုယ်ကျင့်သီလနဲ့ ပတ်သက်ပြီးတော့ အနောက်တိုင်းပညာရှိတွေရဲ့ ထင်ရှားတဲ့အဆိုအမိန့်တစ်ခုကိုလည်း ချန်မထားခဲ့ချင်လို့ တင်ပြပါရစေ။ အဲဒါကတော့ “when wealth is lost, nothing is lost. When health is lost, something is lost. When character is lost, everything is lost.” ဆိုတဲ့ စကားပါ။ ဥစ္စာခနေ ဆုံးရှုံးသောအခါ ဘာမျှမဆုံးရှုံးသေးပါ။ ကျန်းမာမှုဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုဆုံးရှုံးပါပြီ။ ကိုယ်ကျင့်တရားဆုံးရှုံးရင်တော့ အားလုံးကိုဆုံးရှုံးပြီလို့ ဆိုပါတယ်။

ကိုယ်ကျင့်တရားကို ပါဠိလို “သီလ” လို့ ခေါ်တယ်လို့ ဆရာကြီးဒေါက်တာမင်းတင်မွန်ရဲ့ “မြတ်သီလ” စာအုပ်မှာ ဖော်ပြထားတယ်။ ဆိုတော့ “When Character is lost, Everything is lost.” စကားအတိုင်းပါပဲ။ လူသားတွေအားလုံးဟာ ကိုယ်ကျင့်သီလတွေ ဆုံးရှုံးရင်တော့ အားလုံးကို ဆုံးရှုံးရပါပြီ။ အူမတောင့်မှ သီလစောင့်မယ့် လူတွေများလာရင် အထက်မှာဆိုခဲ့သလို စားသောက်ကုန်အတု၊ ဆေးဝါးအတုတွေနဲ့ မူးယစ်ရမ်းကားနေတဲ့သူ၊ ဓားထောက်လုယက်မယ့်သူတွေ၊ လိမ်ပြောတဲ့သူ၊ သူတစ်ပါးသားမယားစော်ကားတဲ့သူတွေနဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့သူတွေများလာရင် လူ့အဖွဲ့အစည်းတစ်ခုဟာ ချည့်နဲ့သွားပါလိမ့်မယ်။

**သီလကို လက်လွှတ်လို့မဖြစ်ဘူး**

အနှစ်ချုပ်ရရင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ အဆုံးအမတစ်ခုနဲ့ အဆုံးသတ်ချင်ပါတယ်။ အဲဒီအဆုံးအမကတော့ “လူတစ်ယောက်ဟာ ဒါနမရှိပေမယ့် သီလရှိနေရင်ပဲ အပါယ်မရောက်နိုင်ပါဘူး။ ဒါနမရှိတာက အကျိုးမရတာပဲရှိမယ်။ သီလမပါခဲ့ရင်တော့ အပါယ်လေးပါးကို စိတ်မချရဘူး။ တစ်ခါဒါနပြုတဲ့အခါမှာလည်း သီလမပါဘဲနဲ့ပြုရင် အကျိုးပေးမသန်နိုင်ဘူး။ သီလခြံရံပြီးပြုတဲ့ဒါနမှ ပိုပြီးအကျိုးပေးသန်နိုင်တယ်။ ဒါကြောင့် သီလကတော့ အခြေခံပဲ။ သီလကတော့ ဇာတ်လိုက်ပဲ။ သီလကို လက်လွှတ်လို့မဖြစ်ဘူး” ဟူ၍ဖြစ်ပါတယ်။

ပြီးတော့ ဗုဒ္ဓသာသနာမှာ လိုရင်းအနှစ်ချုပ်က ဒါန၊ သီလ၊ ဘာဝနာလို့ပဲဆိုဆို၊ သီလ၊ သမာဓိ၊ ပညာလို့ပဲပြောပြော အဲဒီနှစ်ခုစလုံးမှာ သီလကတော့ မပါမဖြစ်ပါပဲ။ သီလကတော့ ဘုံပါနေတာပါပဲ။ ဒါနဆိုတာ သူတစ်ပါးချမ်းသာအောင် ပြုလုပ်ရတာဖြစ်ပြီး သီလကတော့ သူတစ်ပါးမဆင်းရဲအောင် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အလုပ်ပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိကိုအကြောင်းပြုပြီး သူတစ်ပါးမဆင်းရဲရလေအောင်၊ လူ့အဖွဲ့အစည်း မပျက်စီးရလေအောင် ကိုယ်ကျင့်သီလကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေခင်ဗျာ။

စာဖတ်သူတွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေခင်ဗျာ။ ။

> ❛ **မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ အဆုံးအမတစ်ခုကတော့ “လူတစ်ယောက်ဟာ ဒါနမရှိပေမယ့် သီလရှိနေရင်ပဲ အပါယ်မရောက်နိုင်ပါဘူး။ ဒါနမရှိတာက အကျိုးမရတာပဲရှိမယ်။ သီလမပါခဲ့ရင်တော့ အပါယ်လေးပါးကို စိတ်မချရဘူး။ တစ်ခါဒါနပြုတဲ့အခါမှာလည်း သီလမပါဘဲနဲ့ပြုရင် အကျိုးပေးမသန်နိုင်ဘူး။ သီလခြံရံပြီးပြုတဲ့ဒါနမှ ပိုပြီးအကျိုးပေးသန်နိုင်တယ်။ ဒါကြောင့် သီလကတော့ အခြေခံပဲ။ သီလကတော့ ဇာတ်လိုက်ပဲ။ သီလကို လက်လွှတ်လို့မဖြစ်ဘူး” ဟူ၍ဖြစ်** ❜


**ကိုးကား**

- မဟာဂန္ဓာရုံဆရာတော်၏ လူဝတ်ကြောင်တို့အတွက် နံနက်ခင်းဩဝါဒများ
- အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ (Ph.D)၏ သီလနှင့် ပညာတရားတော်
- ဒေါက်တာမင်းတင်မွန်၏ “မြတ်သီလ” စာအုပ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၈၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၀) တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၉၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၅၉,၉၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၂၂၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၃၉၃)ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေ ထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါ ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၆၀၂၄၇၈ | ၉၇၁၃၂၈၉၀ | ၁၀၉၈၀၃၈ |
| ၂။ | အိန္ဒိယ | ၄၄၆၅၉၄၄၇ | ၄၄၁၁၃၇၆၁ | ၅၃၀၄၈၆ |
| ၃။ | ပြင်သစ် | ၃၆၉၂၀၀၆၄ | ၃၆၀၅၉၃၅၇ | ၁၅၇၂၇၇ |
| ၄။ | ဂျာမနီ | ၃၅၈၂၃၇၇၁ | ၃၄၃၆၈၀၀၀ | ၁၅၄၅၃၅ |
| ၅။ | ဘရာဇီး | ၃၄၈၉၀၂၄၃ | ၃၄၀၆၇၆၉၅ | ၆၈၈၃၈၄ |
| ၆။ | တောင်ကိုရီးယား | ၂၅၈၀၁၅၆၄ | ၂၅၁၃၅၃၈၀ | ၂၉၃၅၄ |
| ၇။ | ဗြိတိန် | ၂၃၉၃၀၀၄၁ | ၂၃၅၇၄၄၃၄ | ၁၉၄၇၀၄ |
| ၈။ | အီတလီ | ၂၃၆၄၂၀၁၁ | ၂၃၀၃၇၄၆၄ | ၁၇၉၄၃၆ |
| ၉။ | ဂျပန် | ၂၂၆၀၈၅၄၇ | ၂၀၅၁၇၃၈၄ | ၄၆၉၈၁ |
| ၁၀။ | ရုရှား | ၂၁၄၅၉၂၈၄ | ၂၀၈၄၉၅၉၈ | ၃၉၀၅၂၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၅၆၀၈ | ၁၀၆၀၄၅၉၁ | ၄၃၁၆၅ |
| ၂။ | အင်ဒိုနီးရှား | ၆၅၁၇၆၃၀ | ၆၃၂၂၉၂၀ | ၁၅၈၈၀၇ |
| ၃။ | မလေးရှား | ၄၉၁၈၉၁၇ | ၄၈၄၆၈၉၇ | ၃၆၄၈၁ |
| ၄။ | ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၇၃၁၈ | ၃၉၂၅၀၂၂ | ၆၄၂၁၁ |
| ၆။ | စင်ကာပူ | ၂၁၁၈၇၄၉ | ၂၀၃၅၄၇၀ | ၁၆၈၅ |
| ၇။ | မြန်မာ | ၆၃၂၂၂၉ | ၆၀၆၃၉၃ | ၁၉၄၈၅ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၇၇ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၅ | ၁၃၄၉၃၄ | ၃၀၅၆ |

## (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်းခြင်း၊ အာဟာရများလှူဒါန်းခြင်း၊ ငါးလွှတ်ခြင်းများဆောင်ရွက်

**သာယာဝတီ နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

လှူဒါန်းရာတွင် သာယာဝတီခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းဟိုက်တို့ ဦးဆောင်၍ ဝန်ထမ်းများက စုပေါင်းသွေး လှူဒါန်းကြပြီး သွေးလှူဒါန်းခဲ့ကြသည့်ဝန်ထမ်းများအား ၄က်ပျောသီး၊ကြက်ဥနှင့် အားဖြည့်



အချိုရည်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွား ၁၆ ဦးအား ထောက်ပံ့ငွေနှင့် အာဟာရများ လှူဒါန်းခြင်း၊ သုံးဆယ်မြို့ WE LOVE THONZE (ကန်သာယာ) ကန်တို့တွင် ငါးအကောင်ရေ ၅၀၀၀ လွှတ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း သုညဒသမ ၈၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# သီရိလင်္ကာနိုင်ငံ၌ ပြည်သူ ၅ ဒသမ ၇ သန်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်

**ကိုလံဘို နိုဝင်ဘာ ၅**

သီရိလင်္ကာနိုင်ငံရှိ ပြည်သူ အနည်းဆုံး ၅ ဒသမ ၇ သန်း (နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်း) သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ယမန်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် သီရိလင်္ကာ၏ စီးပွားရေးအကျပ်အတည်းသည် အခြေအနေပိုမိုဆိုးရွားလာဖွယ်ရှိသည်။

စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် စီးပွားရေးအကျပ်အတည်းကြောင့် တိုက်ရိုက်ကြုံတွေ့နေရပြီး ဆေးရုံမီးဖွားစောင့်ရှောက်မှု၊ ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများ ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

သီရိလင်္ကာရှိ မက်ခရိုစီးပွားရေး ပြိုလဲမှုသည် သန်းနှင့်ချီသောပြည်သူများအတွက် စားနပ်ရိက္ခာ၊ လောင်စာဆီ၊ ခတ်ငွေ့၊ ဆေးဝါးနှင့် အခြားလိုအပ်သောပစ္စည်းများ ဆိုးရွားစွာပြတ်တောက်မှုကို ဖြစ်စေသည့်အပြင် လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အခြေအနေကိုလည်း လိုအပ်လျက်ရှိကြောင်း OCHA မှ ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ အိမ်ထောင်စု ၉၆ ရာခိုင်နှုန်းသည် လက်ရှိအကျပ်အတည်းဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။ စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးနိုင်ခြင်းမရှိကြောင်းလည်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် မရှိမဖြစ်လိုအပ်သော အထောက်အပံ့များနှင့် စားနပ်ရိက္ခာပြတ်လပ်မှုကို ဖြစ်စေသည့် နိုင်ငံခြားငွေပြတ်လပ်မှုနှင့် ကြုံတွေ့နေရပြီး အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၄၉ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၄၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၄၅၃၆၆၇ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၇၁ ဦး ထပ်မံ တွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၀၄၅၉ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၂၅၉ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၈၄၁၇၇၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၃၃၉၁၈ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၉ ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၂၄၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၂၂၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၀၈၅၅၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၁၂၃ ဦးရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၂၂ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၆၁၉၉ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၆၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၅**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၆၀ ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၉၁၈၉၁၇ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် လေးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၃၅၆ ဦးသည် ပြည်တွင်း ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း တစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၄၈၁ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၄၂၉ ဦး ကျန်းမာရေးပြန်လည် ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၈၄၆၈၉၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၅၅၃၉ ဦးရှိပြီး ယင်းတို့အနက် ၇၃ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး လူနာ ၅၃ ဦး သည် အသက်ရှူ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၆ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၇၃၀ ရှိ

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၅**

အမေရိကန်ပြည်ထောင်စုတွင် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၇၃၀ ရှိကြောင်းနှင့် တုပ်ကွေးရောဂါကြောင့် ဖျားနာမှုခံစားရသူ အနည်းဆုံး ၁ ဒသမ ၆ သန်း ရှိကာ တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ရသူ ၁၃၀၀၀ ရှိကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှုသည် နိုင်ငံ၏ အရှေ့တောင်ပိုင်းနှင့် တောင်ပိုင်းဒေသများသည် အများဆုံးဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၉ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်ကာလအတွင်း တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူစုစုပေါင်း ၄၃၂၆ ဦးရှိကြောင်းလည်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ရာသီတုပ်ကွေးရောဂါသည် ကိုဗစ်-၁၉ ရောဂါပြီးလျှင် ကလေးငယ်သေဆုံးမှု ဒုတိယအများဆုံးရောဂါဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂ ရက်တွင် မြဝတီ-ဘားအံ-ရန်ကုန် ကားလမ်း ပဲခူးတက္ကသိုလ်ရှေ့၌ ယာဉ်တစ်စီးပေါ်မှ အိတ်မျိုးစုံ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း။

နိုဝင်ဘာ ၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် PVC Face Gypsum Board အချပ် ၁၄၀၀ အပါအဝင် ကုန်စည်ငါးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၁၉၄၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် U Fork အခု ၃၀၀၈၀ အပါအဝင် ကုန်စည် ၃၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၉၅၇၆၈)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၃၅၁၆၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Dream Bed ၁၀၇ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၇၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၉၇၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၅၁၅၂၇၆၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



အကောက်ခွန်ဦးစီးဌာနက မြဝတီ-ဘားအံ-ရန်ကုန်ကားလမ်း ပဲခူးတက္ကသိုလ်ရှေ့၌ သိမ်းဆည်းရမိမှု။

# တန့်ယန်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တန့်ယန်း နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

**ပညာပေးဟောပြော**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးအကြောင်းတို့ကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး အေးဇော်လတ်က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အကြောင်းကိုလည်းကောင်း ပရိဂျက်တာဖြင့် ပညာပေးဟောပြောခဲ့ကြသည်။



လူငယ်လူရွယ်များ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်နှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ လမ်းမှားသို့ မရောက်ရှိစေရန် ရည်ရွယ်၍ ကျင်းပခဲ့ရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးသီဟဖြိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့လာမှတ်သားကြကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

## မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ် နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ဘေးနှစ်ဖက်နှင့် နောက်သို့ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်းမပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၁-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော်" (မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၀၉:၃၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-င)(ပွဲစဉ်-၁၀)
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၁၅ Weekly Local News Highlights
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**လကွယ်မိုးနှောင်း**' (ညွှန့်ဝင်း၊တင်တင်နွဲ့၊အေးအေးသင်း)
- ၁၆:၁၅ "Sports Diary"
- ၁၆:၄၅ "**ဆိပ်ဖိုးပြိုင်မြိုင်လတန်ဆောင်တိုင်**"
- ၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၅ တန်ဆောင်တိုင်တေးများ
- ၁၇:၄၀ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သုတဝေဖြာ သိရိဂေဟာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ '**အတိုးမပေးတဲ့ ဒိုးလေး**' (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ '**အားလုံးကချစ်တဲ့ ဒီကောင်မလေးထစ်ဆင့်အကယ်ဒမီ တေးသံရှင်ချိုပြုံး**' (အပိုင်း-၁)
- ၂၁:၁၅ ဆေးရောင်စုံရုပ်ရှင် "**အိုင်အဝစ်လိုအချစ်အကြောင်း**" (ကျော်ဟိန်း၊ခန့်စည်သူ၊ထက်ထက်မိုးဦး)

**mitv**

- 07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
- 07:08 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
- 07:33 Sri Ksetra, Field of Fortune & Glory (Part-3)
- 07:53 Faces Of ASEAN (Vietnam)
- 08:01 News
- 08:28 Products of Myanmar - Stone Of The Heavens
- 08:53 Tazaungdaing Festival
- 09:01 Dengue Fever
- 09:08 Mezali Salad & Vermicelli Soup
- 09:28 Today Myanmar: Special Welcome by NUAC
- 09:38 Children's Delight: National Library for Children (I'm an Elephant)
- 09:48 Listening Pleasure, Instrumental Music (Horn Violin) Special Show
- 10:01 News
- 10:27 Mahar Thakya Atula Man Aung - Nga Htat Kyee
- 10:45 Perspectives: Microfinance Institution (MFI) Business

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** မန်ကျည်းပင်၏ကောင်းကျိုးများ
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဆပ်ဝါကောက်သစ်ရိတ်သိမ်းခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** စံပယ်ပန်းအစွမ်းမွှေးကြိုင်လန်း
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရွှေတံခါးမြို့သို့အလည်တစ်ခေါက်
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပိနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** 'ဝ'ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ကချင်ရိုးရာထမင်းဟင်းထုပ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** သဘာဝအလှတရားရှိရာ ထီးစဲခါးရေတံခွန်ဆီ
- **ပကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတို့ရဲစာ(အပိုင်း-၉)
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင့်ရိုးရာစောင်းတူရိယာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ "ပင်လယ်ပြင်သဘာဝလှတို့စုဝေးရာ အပျိုစင်မာန်အောင်ကျွန်း"
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ Weekly Selected News
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၂၀ News Desk
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၃၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**တနာတတ်သူတာဝန်ယူ**"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၃
- ၁၁:၀၀ PR SYSTEM စကားဝိုင်း
- ၁၁:၃၀ "**အတွေးအမြင်**"(အပိုင်း-၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၁၅ အထွက်တိုးဖို့ရာသီဥတုနှင့်ကိုက်ညီသော မျိုးများ ရွေးချယ်စိုက်ပျိုးစို့
- ၀၆:၄၅ အထွက်နှုန်းပိုတိုးဖို့စမ်းသပ်စိုက်ပျိုးစို့
- ၀၇:၃၀ မွေးမြူရေးရာအဖြာဖြာ
- ၀၇:၄၅ မြန်မာ့ဆီအိုးထဲမှ နှမ်း
- ၀၈:၀၀ အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံစီးပွားဖွံ့ဖြိုးမှုဆီသို့
- ၀၈:၂၀ သီးထပ်စွမ်းအားဝင်ငွေတိုးသက်တမ်းတိုစပါးမျိုး
- ၀၉:၅၅ အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလှပဝင်ငွေရ မြန်မာ့လိမ္မော်ရှောက်မျိုးများရဲ့အလှ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်


၅-၁၁-၂၀၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တိုးချဲ့တည်ဆောက်ဆောင်ရွက်လျက်ရှိသကဲ့သို့ လက်ရှိထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကိုလည်း ပြည်သူလူထုထံသို့ ပို့လွှတ်ဖြန့်ဝေပေးခြင်းများအား မဟာဓာတ်အားလိုင်းများနှင့် အမျိုးမျိုးသောဓာတ်အားလိုင်းများဖြင့် လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးပေးလျက်ရှိရာ ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ပို့လွှတ်ပေးလျက်ရှိသော ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း၏ တာဝါတိုင်(၂)တိုင်ကို (၃-၁၁-၂၀၂၂) ရက်နေ့ (၁၉:၄၀) နာရီတွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီးခြင်းခံခဲ့ရသဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အား (၇၀) မဂ္ဂါဝပ် လျော့နည်းခဲ့ရပါသည်။


လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ထိုသို့ဖောက်ခွဲဖျက်ဆီးခံရမှုများအပေါ် အကြိမ်ကြိမ် ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်နေစဉ်အချိန်များတွင်လည်း နှောင့်ယှက်တိုက်ခိုက်မှုများရှိခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အသက်ပေးဆပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများလည်း ရှိခဲ့ပါသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အများပြည်သူသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းခွဲဖျက်ဆီးခဲ့မှုများအနေဖြင့် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် စုစုပေါင်းဓာတ်အား (၂၄၀) မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ဓာတ်အားလိုင်းများဖြစ်သော ၂၃၀ ကေဗွီဘီလူးချောင်း(၂)- ရွှေမြို့မဟာဓာတ်အားလိုင်းမှ တာဝါတိုင် ၁၅ တိုင်အား (၆) ကြိမ်၊ ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) – တောင်ငူ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်ခြောက်တိုင်အား (၄) ကြိမ်၊ ၁၃၂ ကေဗွီ ဘီလူးချောင်း(၂) – တီကျစ် နှစ်ထပ်ဓာတ်အားလိုင်းမှ တာဝါတိုင် ၂၁ တိုင်အား (၇)ကြိမ် အသီးသီးဖျက်ဆီးခံခဲ့ရသည်များကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တပ်မတော်နှင့်ပူးပေါင်း၍ အကြိမ်ကြိမ် ပြုပြင်ဆောင်ရွက်မှုများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်မှုများအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူလူထုမှလည်း လျှပ်စစ်ဓာတ်အားလိုင်းများ ထပ်မံဖျက်ဆီးခံရမှု မရှိစေရေး ဝိုင်းဝန်းပူးပေါင်းစောင့်ရှောက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။




၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၃၀) ဖောက်ခွဲဖျက်ဆီးခံရမှု တည်နေရာပြမြေပုံ။




၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၁၀)နှင့် (၁၁၁) ဖောက်ခွဲဖျက်ဆီးခံရသည့် တည်နေရာပြမြေပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၁၁) ဖောက်ခွဲဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း (၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၁၀) ဖောက်ခွဲဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၃၀) ဖောက်ခွဲ ဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၃၀) ပြန်လည်တည်ဆောက်နေသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၃၀) ပြန်လည်တည်ဆောက်ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ။



တာဝါတိုင်အမှတ်(၁၁၉)နှင့် (၁၂၀) ကြား လက်နက်ကျည်ထိမှန်မှုကြောင့် ACSR Conductor ကြိုးပျက်ကျခြင်းအား ပြန်လည်ပြုပြင်နေသည့် မှတ်တမ်းဓာတ်ပုံ။



တာဝါတိုင်အမှတ်(၁၁၉)နှင့် (၁၂၀) ကြား လက်နက်ကျည်ထိမှန်မှုကြောင့် ACSR Conductor ကြိုးပျက်ကျခြင်းအား ပြန်လည်ပြုပြင်ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၂၀ | ၂၉၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၈၅ | ၂၂၆၀ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၉၅၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၆ |
| 95 Ron | ၂၁၂၅ | ၂၂၀၁ |
| HSD (500 ppm) | ၂၅၃၁ | ၂၆၁၂ |
| HSD (50 ppm) | ၂၆၀၃ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၃ | ၂၆၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဝတ်ရည်ငြိမ်းသည် ၎င်းအသုံးပြုသည့် “Wutt Yee Nyein” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



## ပုသိမ်မြို့နယ်၌ အများပြည်သူသို့ ငါး/ပုစွန်များ အခမဲ့ဝေငှလှူဒါန်း

ပုသိမ် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက်တွင် ဦးတင်အုန်း(K.T.O)ငါး၊ ပုစွန်ရောင်းဝယ်ရေးက လူတစ်ဦးလျှင် ငါး/ပုစွန် ၅၀ ကျပ်သား (လူဦးရေ ၁၀၀၀ အတွက်) စုစုပေါင်း ရေချိုငါး/ပုစွန် ပိဿာ ၅၀၀ အား အခမဲ့ဝေငှလှူဒါန်းခြင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ကမ်းနားလမ်းတွင် ပြုလုပ်သည်။

အဆိုပါ ငါး/ပုစွန်များ အခမဲ့ဝေငှလှူဒါန်းခြင်းကို ဒုတိယတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးမြသိန်း၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ ပုသိမ်မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်း၊ ပုသိမ် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမျိုးနိုင်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ပုသိမ်မြို့နယ်အတွင်း အများပြည်သူသို့ ငါးများအခမဲ့ဝေငှခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

# နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ပြည်သူ့အုပ်ချုပ်ရေး ...

**သိန်းထွန်း (IR)**

## အုပ်ချုပ်ရေး

အုပ်ချုပ်ရေး (Governance) သည် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် (သို့မဟုတ်) အကောင်အထည်မဖော်သည့် လုပ်ငန်းစဉ်ဟု ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဖွင့်ဆိုပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးသည် လူထု၏အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လူ့အဖွဲ့အစည်း၏စီးပွားရေးနှင့် လူမှုရေးရင်းမြစ်များကို စုစည်းရာတွင် အုပ်ချုပ်ရေးအာဏာ၊ ထိန်းကျောင်းမှုနှင့် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသည့် လုပ်ငန်းစဉ်ဟုလည်းဆိုပါသည်။ ယင်းလုပ်ငန်းစဉ်တွင် နိုင်ငံတစ်နိုင်ငံ၏ရေးရာများကို စီမံခန့်ခွဲရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးခြင်းများ ပါဝင်ပါသည်။

ကုလသမဂ္ဂ၏အဆိုအရ အုပ်ချုပ်ရေးသည် နိုင်ငံကို အုပ်ချုပ်ရန်အတွက် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးခြင်းကို ရည်ညွှန်းခေါ်ဆိုပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံကို စီးပွားရေး၊ မူဝါဒနှင့် ဥပဒေရေးရာကဏ္ဍများပါဝင်သော စီမံခန့်ခွဲမှု အယူအဆတစ်ခုအဖြစ် ဆိုသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍသုံးရပ်တွင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်သည် နိုင်ငံအတွက် အခြေခံအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တွေ့ရပါသည်။

## ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance)

**ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို အထောက်အကူဖြစ်စေသကဲ့သို့ အရည်အသွေးအားနည်းသော အုပ်ချုပ်ရေးစနစ်တစ်ရပ်သည်လည်း နိုင်ငံကို ဆုတ်ယုတ်မှုဖြစ်စေပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာ သဘောတူညီထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသော်လည်း ကောင်းမွန်သော အုပ်ချုပ်ရေးတွင် ပါဝင်သည့် အသွင်လက္ခဏာရှစ်ခုရှိကြောင်း ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဆိုပါသည်။ ယင်းတို့မှာ ပူးပေါင်းပါဝင်မှု၊ အများဆန္ဒကို အခြေခံမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ တုံ့ပြန်နိုင်စွမ်းရှိမှု၊ စွမ်းရည်ရှိမှုနှင့် ထိရောက်မှု၊ တန်းတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုနှင့် ဥပဒေကို လေးစားလိုက်နာမှုတို့ဖြစ်ပါသည်။**

**ကောင်းမွန်သောအုပ်ချုပ်ရေးသည် အဂတိလိုက်စားမှု လျော့နည်းစေရန်အတွက် လူနည်းစု၏ဆန္ဒကို ထည့်သွင်းစဉ်းစားသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ အများဆုံးထိခိုက်နိုင်ခြေရှိသူများ၏ ဆန္ဒကို အလေးထားပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်း၏ ပစ္စုပ္ပန်အခြေအနေနှင့် အနာဂတ်အတွက် လိုအပ်ချက်များကို တုံ့ပြန်နိုင်စွမ်းလည်း ရှိကြပါသည်။ တစ်နည်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်စေရန်အတွက် လိုအပ်သော နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရလဒ်များနှင့် ဆက်စပ်နေပါသည်။**

## ပြည်သူ့အုပ်ချုပ်ရေး (Public Administration)

ပြည်သူ့အုပ်ချုပ်ရေးသည် အများပြည်သူအကျိုးမြှင့်တင်ရန်နှင့် အပြုသဘောပြောင်းလဲမှုကို ထိရောက်စေရန်အတွက် ဦးဆောင်သူများက လူထုအား ဝန်ဆောင်ပေးသည့် နယ်ပယ်တစ်ခုဖြစ်ပါသည်။ အမေရိကန်သမ္မတ Woodrow Wilson အဆိုအရ ပြည်သူ့အုပ်ချုပ်ရေးသည် ဥပဒေများနှင့် ပြည်သူ့ရေးရာမူဝါဒများကို စနစ်တကျကျင့်သုံးခြင်းဟုဆိုပါသည်။ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင် အစိုးရလုပ်ငန်းများဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း၊ ဖွဲ့စည်းခြင်း၊ ညွှန်ကြားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကွပ်ကဲခြင်းတို့ ပါဝင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးသည် ပြည်သူလူထုအား ဝန်ဆောင်မှုများ ထောက်ပံ့ပေးပြီး ပြည်သူလူထု၏ အကျိုးစီးပွားများကို နည်းလမ်းအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးပါသည်။ တစ်နည်းအားဖြင့် ပြည်သူ့အုပ်ချုပ်ရေးယန္တရားများနှင့် လုပ်ငန်းစဉ်များသည် ပြည်သူလူထုနှင့် အနီးကပ်ဆုံး ဆက်စပ်လျက်ရှိကြပြီး အုပ်ချုပ်ရေးယန္တရားများသည် အထက်နှင့်အောက်ကို ဆက်စပ်ပေးနေသည့် ပင်နီယံများလည်းဖြစ်ပါသည်။

ထို့အပြင် ပြည်သူ့အုပ်ချုပ်ရေးစနစ်များ ပါဝင်သည့် စီမံခန့်ခွဲသူများနှင့် ဒေသန္တရအဆင့်ယန္တရားများသည် အစိုးရ၏မူဝါဒများကို လက်တွေ့အောင်မြင်စေပြီး နိုင်ငံတော်၏လုပ်ငန်းတာဝန်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ခွဲပေးသည့် လမ်းကြောင်းလည်းဖြစ်ပါသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်နိုင်မှုများအပေါ်မူတည်၍ အစိုးရတစ်ရပ်၏ နိုင်ငံရေးကတိများကို ပြည့်ဝစေပြီး အထူးကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးစနစ်၏ အဓိက လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြစ်ပြီး ထိုသို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကြား ဆက်ဆံရေး ချောမွေ့စေပါသည်။ သို့ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေးစနစ်သည် အစိုးရနှင့်ပြည်သူလူထုအကြား ပူးပေါင်းလုပ်ဆောင်မှုမြှင့်တင်ရန်အတွက် အကောင်းဆုံးယန္တရားတစ်ခုဖြစ်ပါသည်။

## စွမ်းဆောင်ရည်မြင့်မားသော ပြည်သူ့အုပ်ချုပ်ရေး

ပြည်သူ့အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံသားတစ်ဦးချင်းစီ၏ နေ့စဉ်လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေးကို အထောက်အကူပြုလျက်ရှိပါသည်။ စွမ်းဆောင်ရည်ပြည့်ဝသော ပြည်သူ့အုပ်ချုပ်ရေးစနစ်များကြောင့် လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်မှုရရှိစေပြီး ပြည်သူ့ရေးရာစိန်ခေါ်မှုများကို လျော့ကျစေပါသည်။ E N Gladden ၏ အဆိုအရ ထိရောက်သော ပြည်သူ့အုပ်ချုပ်ရေး၏ လက္ခဏာသုံးရပ်ရှိပါသည်။

၎င်းတို့မှာ သတ်မှတ်ထားသည့် လုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်ခြင်း၊ ပို၍အရေးပါသည့် အုပ်ချုပ်ရေးဆိုင်ရာ နည်းစနစ်များ သို့မဟုတ် လူမှုပတ်ဝန်းကျင်အတွင်း ပြောင်းလဲမှုများကြောင့် မြင့်တက်လာနိုင်သော ရေရှည်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးသည် ဗဟိုမှ ချမှတ်ထားသော စီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်ရုံသာမက သီးခြားဌာနများ၏ အထူးလိုအပ်ချက်များနှင့်လည်း ကိုက်ညီရန်လိုအပ်ခြင်းတို့ဖြစ်ပါသည်။

ထို့အပြင် လျင်မြန်စွာ ခေတ်မီတိုးတက်နေသည့် အချိန်ကာလတွင် တစ်ကမ္ဘာလုံး ဆက်နွယ်လာမှု၊ နည်းပညာတိုးတက်မှု၊ စီးပွားရေးတိုးတက်လာမှု၊ လူသားတို့၏လိုအပ်ချက်များ ယခင်ကထက် များပြားလာခြင်းတို့ကြောင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်နေကြရပါသည်။ ပြည်သူ့အုပ်ချုပ်ရေး စွမ်းဆောင်ရည်များ မြင့်မားရေး ဆောင်ရွက်နေချိန်တွင် တစ်ဖက်မှ စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ပါသည်။

ယင်းစိန်ခေါ်မှုများတွင် လွဲမှားသော စီမံခန့်ခွဲမှုများ သို့မဟုတ် အဂတိလိုက်စားမှုများ၊ ဝန်ထမ်းများ စိတ်ဓာတ်မတက်ကြွခြင်း သို့မဟုတ် လေ့ကျင့်သင်ကြားမှုအားနည်းခြင်း၊ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ မကိုက်ညီခြင်း၊ ကြိုးနီစနစ်များရှိနေခြင်းကဲ့သို့သော အခက်အခဲအတားအဆီးများကြောင့် နိုင်ငံသားများသည် ထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများမရရှိသည့်အပြင် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ ရရှိရန်အတွက် ရှုပ်ထွေးသည့် ဗျူရိုကရေစီယန္တရားများနှင့် ရင်ဆိုင်နေကြရပါသည်။ ယင်းစိန်ခေါ်မှုများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုတွေ့ကြုံနေကြရပါသည်။

ယနေ့အခါ နိုင်ငံသားများသည် မိမိတို့၏ရပိုင်ခွင့်များနှင့် အစိုးရ၏တာဝန်များကို ပိုမိုသိရှိလာကြပါသည်။ သို့ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေး၏ အခန်းကဏ္ဍနှင့် တာဝန်များသည် သဘောသဘာဝအရ ပို၍အရေးပါလာနေပြီး ပြောင်းလဲနေသည့် လိုအပ်ချက်များနှင့် လူ့အဖွဲ့အစည်း၏ တောင်းဆိုမှုများကို တုံ့ပြန်ရန်အတွက် စဉ်ဆက်မပြတ် ပြောင်းလဲလျက်ရှိနေပါသည်။ ထိုပြောင်းလဲမှုများတွင် နည်းပညာများ ထိုးဖောက်ဝင်ရောက်လာခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အယူအဆအသစ်များ ကျင့်သုံးလာခြင်း၊ လူထု၏ လိုအပ်ချက်နှင့် ဆန္ဒများကို ထည့်သွင်းစဉ်းစားလာခြင်းများသည် ပြည်သူ့အုပ်ချုပ်ရေးနယ်ပယ်မှ ခေတ်ရေစီးကြောင်းအသစ်အချို့အဖြစ် တွေ့ရပါသည်။

ထိုသို့သော အခြေအနေမျိုးတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တည်ဆောက်ရေး၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့လာစေရန် ထိရောက်၍ စွမ်းရည်ပြည့်ဝသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်များကို နိုင်ငံအဆင့်၊ ဒေသဆိုင်ရာ အဆင့်အလိုက် မြှင့်တင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် သမားရိုးကျ အုပ်ချုပ်မှုပုံစံများကို ခေတ်၏အခြေအနေ၊ နိုင်ငံ၏အခြေအနေနှင့် ပြည်သူလူထု၏လိုအပ်ချက်များအလိုက် ပြုပြင်ပြောင်းလဲ၍ မြှင့်တင်ကြရမည်ဖြစ်ပါသည်။

## ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ် (New Public Administration)

ပြည်သူ့အုပ်ချုပ်ရေး ပုံစံသစ်သည် ၁၉၆၀ ပြည့်နှစ်များအတွင်း ပေါ်ပေါက်လာခဲ့ပြီး ပြည်သူ့ရေးရာကဏ္ဍကို စီးပွားရေးဆန်ဆန် ပို၍လုပ်ဆောင်နိုင်ရန် ကြိုးပမ်းချက်တစ်ခုဖြစ်ပါသည်။ ယင်းသည်ပုဂ္ဂလိကကဏ္ဍမှ အတွေးအခေါ်များနှင့် စီမံခန့်ခွဲမှုပုံစံများကိုယူ၍ အစိုးရ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ဖြစ်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ်သည် ရလဒ်ကောင်းများ ပိုမိုရရှိရန်အတွက် အရင်းအမြစ်ထိန်းချုပ်မှုကို ပိုမိုလျှော့ချထားပြီး အခြားဝန်ဆောင်မှုပေးသည့် ပုံစံများကိုအသုံးပြုခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်၍ မြန်ဆန်စေရေး ကြိုးပမ်းမှုအဖြစ် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုပေးသူများ တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်မှုရှိသည့် ဈေးကွက်ပုံစံတစ်ပိုင်းလည်း ပါဝင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ်၏ အဓိကဦးတည်ချက်မှာ ရလဒ်နှင့် ပြည်သူလူထုကိုအခြေခံခြင်း ဖြစ်ပါသည်။ ထိုဦးတည်ချက် အောင်မြင်စေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေး ပုံစံသစ်သည် စွမ်းဆောင်ရည်နှင့် ဈေးကွက်ဆိုင်ရာပုံစံများ စစ်ဆေးသုံးသပ်ခြင်းအပြင် ရည်မှန်းချက်များအလိုက် စီမံခန့်ခွဲမှုပညာကို အသုံးချခြင်းလည်း ပါဝင်ပါသည်။

၎င်းအပြင် ပြည်သူ့အုပ်ချုပ်ရေးပုံစံသစ်၏ ချို့ယွင်းချက်များကို တုံ့ပြန်သည့် ပြည်သူ့ဝန်ဆောင်မှုပုံစံသစ် အယူအဆလည်းတွေ့ရပါသည်။ ဤအယူအဆအရ ပြည်သူ့အုပ်ချုပ်ရေးသည် လူ့အဖွဲ့အစည်းကို ထိန်းချုပ်ရန် သို့မဟုတ် စီမံခန့်ခွဲရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ နိုင်ငံသားများ၏ အကျိုးစီးပွားများဆိုင်ရာ ကျေနပ်မှုရရှိစေရန်နှင့် အောင်မြင်မှုရရှိစေရန် ကူညီပေးခြင်းဖြစ်သည်ကို တွေ့ရသည်။

ယင်းအယူအဆ၏ အနှစ်သာရ ရရှိစေသည့် အခြေခံအချက် ခုနစ်ချက်ရှိပါသည်။ ယင်းတို့တွင် စီမံခန့်ခွဲမှုနည်းနည်းဖြင့် ဝန်ဆောင်မှုပိုမိုရရှိစေခြင်း၊

**စာမျက်နှာ ၁၈ သို့**

> **ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် မူတည်၍ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားများဖြစ်စေပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် စွမ်းဆောင်ရည်မပြည့်ဝမှုကြောင့် နောက်ပြန်ဆွဲအားများ ဖြစ်စေနိုင်သည်ကိုလည်း သတိပြုကြရပါမည်။ ပြည်သူ့အုပ်ချုပ်ရေး၏လုပ်ငန်းစဉ်များသည် ပြည်သူကိုဗဟိုပြုဆောင်ရွက်ရသည်ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ တိုးတက်မြင့်မားသည်နှင့် ပြည်သူတစ်ဦးချင်း သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် နေ့စဉ်လူမှုစီးပွားဘဝများကို အဆင်ပြေချောမွေ့စေပြီး ရလဒ်ကောင်းများ ရရှိစေမည်**

# ပြင်ဦးလွင်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့နယ်အတွင်း နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ယနေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြင်ဦးလွင်မြို့ ကန်တော်ကြီးပတ်လမ်း တိုင်းရင်းသားကျေးရွာအနီး ပြင်ဦးလွင်မြို့နယ် စည်ပင်မှ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က ကန်တော်ကြီးရေဝင်အမှတ်(၂)မှ ညောင်နီလမ်းဆုံအထိ စုစုပေါင်း ပေ ၁၁၂၀၀ လမ်းတိုးချဲ့နေမှုအား အပိုင်းလိုက်ဆောင်ရွက်ခြင်း၊ ရေဝင်အမှတ်(၂)မှ ချမ်းဟိန်းကော်ဖီခြံအထိ တစ်ဖက်လေးပေစီ၊ ၎င်းမှ ညောင်နီလမ်းဆုံအထိ တစ်ဖက်သုံးပေစီ ကွန်ကရစ်လမ်းချဲ့ခြင်း၊ ကန်တော်ကြီးပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကန်တော်ကြီးပတ်လမ်း ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းမျဉ်းရေးဆွဲခြင်း၊ လမ်းပေါ်၌ မလွတ်ကင်းသော ဓာတ်တိုင်များအား ရွှေ့ပြောင်းခြင်း စသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းများအား အရည်အသွေးပြည့်မီရန် အလေးထားဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ ငွေကြေးသုံးစွဲမှုနှင့် ပစ္စည်းများအလေအလွင့်မရှိရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွေးတောင်(နန္ဒဝန်) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၇၀ ခွင့်ပြုထားသော စာကြည့်တိုက်ဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားရေး၊ ကျောင်းများနှင့် တက္ကသိုလ်များ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေး၊ စာကြည့်တိုက်များ ဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ အားလပ်ချိန်များကို စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ စွဲမြဲလာအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် RC နှစ်ထပ် စာသင်ဆောင်အသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအားလုံးပြီးစီးရေး၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေး၊ ကျောင်းအဝင်/အထွက်လမ်းတိုးချဲ့ခင်းကျင်းသွားရေးနှင့် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ပန်းတောင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် အခြေခံပညာ ကျောင်းအုပ်ကြီးများစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း (ပန်းတောင်း)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် ပညာရေးမှူး ဦးသိန်းဒန်က အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာကျောင်းများ၏ သင်ကြား၊ သင်ယူမှု တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံပညာဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာ စစ်ဆေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ စွမ်းဆောင်ရည်မြှင့်မားရေး ဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၆၀ မှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၁၆၀ တို့အား နည်းပြဆရာကြီးလေးဦးတို့က နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ အထက ပန်းတောင်း စာသင်ကျောင်းခန်းမ၌ ဆွေးနွေးပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

● စာမျက်နှာ ၁၇ မှ

မဟာဗျူဟာကျကျတွေးခေါ်၍ ဒေသအလိုက် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဖောက်သည်ကိုမဟုတ်ဘဲ ပြည်သူလူထုကို ဝန်ဆောင်မှုပေးခြင်း၊ တာဝန်ယူမှုသည် လွယ်ကူသည့်အလုပ်မဟုတ်သော်လည်း တာဝန်ရှိသူများသည် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေများ၊ လူ့အဖွဲ့အစည်း၏ တန်ဖိုးများ၊ နိုင်ငံရေးစံနှုန်းများ၊ ပရော်ဖက်ရှင်နယ်စံနှုန်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားခြင်း၊ တာဝန်ရှိသူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအပြင် ပြည်သူလူထုအား လေးစားခြင်း၊ တာဝန်ရှိသူများသည် နိုင်ငံသားများနှင့် ပြည်သူ့ဝန်ဆောင်မှုများ တန်ဖိုးထားခြင်းတို့ကို တွေ့ရပါသည်။

ပြည်သူ့အုပ်ချုပ်ရေး ပုံစံသစ်သည် သမားရိုးကျ ပြည်သူ့အုပ်ချုပ်ရေး၏ အားနည်းချက်များကို ပြုပြင်၍ ပြည်သူလူထုအား ထိရောက်သောဝန်ဆောင်မှု ရရှိစေရန် ရည်ရွယ်သည်ကို တွေ့ရပါသည်။

## ပြုပြင်ပြောင်းလဲရေး

ပြည်သူ့အုပ်ချုပ်ရေးသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုစီးပွားဘဝများမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စီမံခန့်ခွဲခြင်းနှင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းခြင်း စသည့်နယ်ပယ်များစွာကို ကိုင်တွယ်ဖြေရှင်းကြရပါသည်။ ထိုသို့များပြားလှသော လုပ်ငန်းတာဝန်များ ထိရောက်စေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေး စွမ်းရည်ကို ဟန်ချက်ညီ ပြောင်းလဲတိုးတက်မှသာ ရလဒ်ကောင်းများကို ရရှိစေနိုင်ပါသည်။

ထို့အပြင် ပြောင်းလဲနေသည့်ခေတ်နှင့်အညီဖြစ်စေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးအား စွမ်းဆောင်နိုင်မှုအပေါ် အခြေခံခြင်း၊ ဖွဲ့စည်းမှု၊ လူသားရင်းမြစ်စီမံခန့်ခွဲမှု၊ နည်းပညာများ ပိုမိုအသုံးချခြင်းတို့မှာလည်း ခေတ်နှင့်အညီ ပြောင်းလဲရမည့် ကဏ္ဍများအဖြစ် တွေ့ရပါသည်။ သမားရိုးကျပြည်သူ့အုပ်ချုပ်ရေးတွင် တွေ့ရှိရသည့် အားနည်းချက်များကို ပြုပြင်ပြောင်းလဲရာတွင် e-government ကျင့်သုံးခြင်းဖြင့်လည်း မြန်ဆန်ထိရောက်စေသည့်အပြင် ပြည်သူ့အုပ်ချုပ်ရေးတွင် ပွင့်လင်းမြင်သာမှု၊ တန်းတူညီမျှမှု၊ ကုန်ကျမှုနှင့်အညီ ထိရောက်မှုနှင့် တုံ့ပြန်နိုင်မှု အရည်အသွေးများကို ရရှိစေပါသည်။

ပြည်သူ့အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်အတွက် အုပ်ချုပ်ရေးဆိုင်ရာ အဆင့်တိုင်းရှိ ပြည်သူ့အုပ်ချုပ်ရေး စွမ်းဆောင်ရည်နှင့် ထိရောက်မှုများကို အသိအမှတ်ပြုခြင်း၊ ပြောင်းလဲခြင်း၊ မြှင့်တင်ခြင်းများ လုပ်ဆောင်ကြရပါသည်။ ပြည်သူ့အုပ်ချုပ်ရေးကို မြှင့်တင်ရာတွင် ပြည်သူ့အုပ်ချုပ်ရေး စနစ်အတွင်း ကဏ္ဍအလိုက် မတူညီသော လိုအပ်ချက်ပေါင်းများစွာရှိနိုင်ပါသည်။ ယင်းလိုအပ်ချက်များနှင့် အားလုံးအကျုံးဝင်သည့် ကဏ္ဍငါးခုမှာ –

(က) ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံ၊
(ခ) တိကျသော အခန်းကဏ္ဍများနှင့် တာဝန်ယူမှုများ၊
(ဂ) စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ၊
(ဃ) လူသားရင်းမြစ်များ၊
(င) ဘဏ္ဍာရေးရင်းမြစ်များ ပါဝင်ပါသည်။

## ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအတွက် ပြည်သူ့အုပ်ချုပ်ရေး၏ စွမ်းဆောင်ရည် ပြည့်ဝမှုအပေါ် မူတည်၍ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားများ ဖြစ်စေပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် စွမ်းဆောင်ရည် မပြည့်ဝမှုကြောင့် နောက်ပြန်ဆွဲအားများ ဖြစ်စေနိုင်သည်ကိုလည်း သတိပြုကြရပါမည်။ ပြည်သူ့အုပ်ချုပ်ရေး၏ လုပ်ငန်းစဉ်များသည် ပြည်သူကိုဗဟိုပြု ဆောင်ရွက်ရသည်ဖြစ်ရာ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ တိုးတက်မြင့်မားသည်နှင့် ပြည်သူတစ်ဦးချင်း သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် နေ့စဉ်လူမှုစီးပွားဘဝများကို အဆင်ပြေချောမွေ့စေပြီး ရလဒ်ကောင်းများ ရရှိစေမည် ဖြစ်ပါသည်။

အခြားတစ်ဖက်တွင် ချို့ယွင်းအားနည်းသော ပြည်သူ့အုပ်ချုပ်ရေးစနစ်များကြောင့် လူထုအပေါ် ဝန်ထုပ်ဝန်ပိုးများဖြစ်စေသည့်အပြင် ဘေးထွက်ဆိုးကျိုးအနေဖြင့် ပြည်သူလူထု၏ ပူးပေါင်းလုပ်ဆောင်မှုအားနည်းလာခြင်း၊ ယုံကြည်မှုကျဆင်းခြင်း၊ စီးပွားရေးလုပ်ကိုင်ရန် ခက်ခဲလာခြင်း၊ တရားဥပဒေစိုးမိုးရေးကျဆင်းခြင်း စသည့် အကျိုးဆက်များလည်း ဖြစ်ပေါ်လာတတ်ကြပါသည်။

အထက်ပါအချက်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့်အပြင် နက်နဲကျယ်ပြန့်သည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ပြုပြင်ပြောင်းလဲရာတွင် စိန်ခေါ်မှုများစွာ တွေ့ရမည်ဖြစ်ပါသည်။ သို့သော်လည်း ရင်ဆိုင်နေရသည့် ရေတိုစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။ ။

**ကိုးကား–**

၁။ What is Good Governance? , United Nations Economic and Social Commission for Asia and the Pacific.
၂။ Role of Public Administration in Good Governance and Local Development, International Journal of Economics, Commerce and Management, Vol. V, Issue 5, May 2017
၃။ Good governance and its relationship to governance of public administration, Security Theory and Practice 4/2017 survey article

# ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းအား သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$)၊ Nitrogen Dioxide ($NO_2$) ၊ Sulphur Dioxide ($SO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ: ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
|---|---|---|---|---|---|---|---|---|
| ၁ | | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း၊ အမရပူရမြို့နယ် မန္တလေးမြို့ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မိတ္ထီလာခရိုင်၊ Apache ဘိလပ်မြေစက်ရုံ၊ သာစည်မြို့နယ် | ကောင်းမွန် | | | | | |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့ | ကောင်းမွန် | | | | | |
| | ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| ၄ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၅ | | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| ၆ | | ကချင်ပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| ၇ | | ကယားပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း လွိုင်ကော်မြို့ | တိုင်းတာနိုင်ခြင်းမရှိပါ။ | | | ကောင်းမွန် | | |
| ၈ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်း ဘားအံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | မွန်ပြည်နယ် | | | | | | |
| | ၁ | ဈေးချိုပိုင်းအနီး မော်လမြိုင်မြို့ | တိုင်းတာနိုင်ခြင်းမရှိပါ။ | | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | |
| ၁၀ | | ရခိုင်ပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့နယ် | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| | ၂ | တောင်ရင်းအုပ်စု၊ တိုးချဲ့ရပ်ကွက်၊ ကျောက်ဖြူ ဘိုးဘွားရိပ်သာအနီး ဝန်းကျင် ကျောက်ဖြူမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| ၁၁ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ။ | | | | |
| | ၂ | တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးရုံး တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | တိုင်းတာနိုင်ခြင်းမရှိပါ။ | ကောင်းမွန် |
| | ၃ | လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ။ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ။ | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**


| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)




(၁)

"ဟဲ့ မယ်လှ နင်သောက်ဖို့ဆေး ငါ နင့်အိပ်ရာဘေးထားထားတယ်။ ဆန်ပြုတ်လည်း ပြုတ်ထားခဲ့တယ်နော်။ ဒီနေ့ အဖိတ်နေ့ဆိုတော့ လူစည်မှာဟ။ မြို့လုံးကျွတ်ဘုံကထိန်လှည့်မှာဆိုတော့ ငါ အစောသွားတော့မယ်"

နာတာရှည်ဇနီးသည်ကို ပြောရင်း ရေခဲချောင်းရောင်းသွားဖို့ ဦးဖိုးအောင် သွားဖို့ပြင်သည်။ စောစောသွား ဒိုင်မှာ ယူပြီး မိန်းလမ်းတစ်လျှောက်ရောင်းမည်။ ဒီနေ့ များများယူမှရမည်။ အမြတ်ငွေလေးများရင် အဘွားကြီးအတွက် လိုအပ်နေသောဆေးနှင့် အာဟာရပြည့်ဖို့ ကြက်သားပိုင်းလေးလည်း ဝယ်ပေးချင်သည်။ ဆန်လည်းကုန်နေပြီမို့ တစ်ခါတည်း ဝယ်ခဲ့ချင်သည်။

"ကိုဖိုးအောင် နှီးဦးထုပ်လေး ဆောင်းသွားဦး။ နေပူနေမယ်။ ဆာရင်လည်း ဝယ်စား။ အငတ်မခံနဲ့။ ကျွန်မရောဂါ ကျွန်မသိတယ်။ ရှင်လည်း ဒုက္ခများနေပြီတော့"

အိပ်ရာထဲ အသံတုန်တုန်နှင့် ပြောနေသောဇနီးသည်စကားကြောင့် ဦးဖိုးအောင် ရင်ထဲနင့်သွားသည်။

"ငါ့အတွက် မပူပါနဲ့ဟာ။ နင်ပဲ နေကောင်းအောင်နေ။ ငါသွားပြီ"

နှီးဦးထုပ်လေးဆောင်းပြီး လွယ်အိတ်စုတ်လေးလွယ်ကာ ဦးဖိုးအောင် ခပ်သွက်သွက်လှမ်းလာခဲ့သည်။ အစောရောက်မှ ရမည်။ လူစည်ကားသည့် ဒီနေ့လေးကို သူတို့လို ဈေးသည်တွေ မျှော်ကြရသည် မဟုတ်ပါလား။

(၂)

စည်ကားလှတဲ့ ကထိန်ပွဲကြီးက လူတိုးမပေါက်ပေ။ တစ်ချောင်းပြီး တစ်ချောင်း ခေါက်ဆွဲလှည့်ဦး... ခေါက်ဆွဲ... ခေါက်ဆွဲရေခဲချောင်းတွေ လှီးပေးရင်း ဦးဖိုးအောင် ပျော်နေမိသည်။

"ကလောင်..ကလောင်"

"ခေါက်ဆွဲရေခဲချောင်းတွေရမယ်နော်"

"ရေဆာပြေ ခေါက်ဆွဲရေခဲချောင်း"

ကြံပန်းခိုင်၊ ရေခဲမုန့်၊ အချဉ်ပေါင်း၊ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်ရောင်းနေကြသော ဘဝတူဈေးသည်လေးများက ဦးဖိုးအောင်ကို ခင်ကြသည်။ ဈေးရောင်းနေရင်း ဘကြီးအောင်ကို မေးမြန်းကြရင်း အားလုံးမျက်နှာလေးတွေက ပျော်ရွှင်နေကြသည်။ လူကြီးပိုင်းဈေးသည်မို့လည်း သတိပေးစကားက ပါပြီးသားပင်။

"ဘကြီးအောင် ရောင်းကောင်းလား"

"ဘကြီးအောင် အရိပ်ထဲရောင်း"

"ဘကြီးအောင် လူတိုးမယ်နော်"

"သတိထားဦး"

အသက် ခြောက်ဆယ့်ငါးနှစ် သူ့ကို ဘဝတူဈေးသည်တွေက စာနာကြသည်။ ဝိုင်းဝန်းအားပေးကြသည်။ ငွေအား မကူညီနိုင်တောင် အားရှိအောင် စကားလေးများနှင့် ပြောပေးကြသည်။ လူတွေကများ နေကပူနေ၍ အချိန်ကြာလာတော့ ကိုဖိုးအောင် မျက်လုံးတွေ ဝါးလာသည်။ ရင်ထဲမှာလည်း အသက်ရှူမဝသလို ဖြစ်လာသည်။ နီးရာ အရိပ်လေးနားကပ်လို့ ထိုင်ချရင်း အမောဖြေကာ ရောင်းနေမိသည်။ ဒီနေ့ ရေခဲချောင်းတွေ တော်တော်ကုန်သွားပြီဖြစ်၍ ပျော်နေမိသည်။

(၃)

"ရေခဲချောင်းသုံးချောင်း နှစ်ရာတန်"

အမောဖြေနေ၍ ရေခဲချောင်းလှီးပေးလိုက်သည်။ တစ်သောင်းတန်ဖြစ်နေ၍ ရှိသမျှအကြွေလေးတွေ အမ်းလိုက်ကာ အမောဖြေနေမိသည်။ အင်း ဒီနေ့ တစ်သောင်းကျော်လောက် မြတ်လျှင် ပင်ပန်းရကျိုးနပ်ပြီဖြစ်သည်။ လှည့်မရောင်းနိုင်တော့၍ လက်ကျန်ရေခဲချောင်းလေးတွေကို ထိုင်ရောင်းလိုက်ရာ နေ့လည်နှစ်နာရီထိုးတော့ ကုန်သွားပြီဖြစ်သည်။

သားသမီးမထွန်းကားခဲ့သော သူတို့ဇနီးမောင်နှံအတွက် ဇရာအိုချိန်မှာ အင်မတန်ဒုက္ခရောက်ရသည်။ အလုပ်ကြမ်းလည်း မလုပ်နိုင်၍ ဒီလိုဈေးရောင်းတာလေးက လင်မယားနှစ်ယောက်စားရသေးသည်။ အရင်က ညစောင့်၊ ကုန်ထမ်းလုပ်ခဲ့ပေမယ့် ခုတော့ ဈေးရောင်းတာလေးပဲ အားကိုးနေရသည်။

ဇနီးသည်ကလည်း ကျန်းမာရေးမကောင်း၍ ပို၍ခက်ခဲလှသည်။ ဗိုက်ထဲဆာလောင်လာ၍ အနီးမှာရောင်းနေတဲ့ မုန့်လုံးကြီးကြော်နှစ်ခု ဝယ်စား၍ ရေနှင့်မျှောလိုက်သည်။ ရေခဲချောင်းလည်း ကုန်ပြီမို့ ရောင်းရငွေလေးကို ရေလိုက်ရာ တစ်သောင်းတန်ထင်ထားသော ငွေစက္ကူလေးက တစ်ထောင်တန်လေးဖြစ်လို့နေသည်။ ကိုဖိုးအောင် အကြိမ်ကြိမ်ပြန်စစ်သည်။ တစ်သောင်းတန်တစ်ရွက်မှ မတွေ့ချေ။

"ဒုက္ခပဲ။ ဘယ်လိုဖြစ်တာပါလိမ့်"

ရင်ထဲမှာ ဝမ်းနည်းခြင်းနဲ့ မျက်ရည်တွေက ဝဲလာသည်။ ပြန်စဉ်းစားရင်း သူနေပူထဲမှာ မျက်လုံးတွေ ဝါးလာရင်း ခဏအမောဖြေနေတုန်း လာဝယ်တုန်းက တစ်ထောင်တန်ကို တစ်သောင်းတန် ထင်ပြီး မှားအမ်းလိုက်တာပဲဖြစ်မည်။

"ဩော် လူတွေလည်း အသက်ကြီးသူ ရောင်းတာ မှားအမ်းရင် ပြန်ပြောသင့်တာပေါ့လေ..ခုတော့"

ရေခဲချောင်းပုံးပေါ် ကျသွားသော မျက်ရည်စက်တွေကို လက်သုတ်ပဝါနှင့် သုတ်လိုက်သည်။

တစ်သောင်းကျော်မြတ်ရင် စီစဉ်ထားသည့် အစီအစဉ်လေးပျက်ပြီ။ တစ်နေကုန် ပင်ပန်းစွာရောင်းခဲ့ရသည်။ ဒီလိုနေ့မျိုးက သူ့အတွက် ပိုပိုလျှံလျှံလေးရသောနေ့မျိုးဖြစ်သည်။ ပင်ပန်းသမျှ အရာမထင်ခဲ့၍ ပိုပြီးမောသွားသည်။

အမြတ်ငွေလေး လေးထောင့်ငါးရာကိုကြည့်၍ မျက်ရည်လေးစို့လာသည်။ ဈေးရောင်းဈေးဝယ်တွေနှင့် အပျော်မျက်နှာတွေက ဘကြီးအောင်ကို ပျော်ရွှင်မှုမပေးနိုင်တော့ပေ။ အရာအားလုံး ဝေဝါး၍နေပေသည်။ အတန်ကြာအောင် တစ်ယောက်တည်း ငြိမ်သက်နေမိသည်။

(၄)

"ဟူး"

မယ်လှအတွက် အားရှိအောင် ဝယ်ပေးဖို့ အစားအစာတွေလည်း ဝေးပြီ။တနေကုန် ပင်ပန်းခဲ့သမျှ ခုတော့ အရာမထင်တော့။ ဇောလေးနှင့်ရောင်းခဲ့တုန်းက မမောပေမယ့် ခုတော့ ခြေတွေ၊ လက်တွေပင် မသယ်ချင်တော့ပေ။ အသက်ရှူပင်မဝသလိုဖြစ်လာ၍ ခံစားနေရတဲ့ဝေဒနာ သက်သာလာစေရန် အာရုံကို လွှဲချင်ပေမယ့် မှားအမ်းလိုက်သော ငွေလေးကိုသာ နှမြောနေမိသည်။

မနက်တုန်းက ဇနီးသည်ပြောလိုက်သော စကားကို ပြန်ကြားယောင်ရင်း မျက်ရည်တွေကြားမှ ပြုံးလိုက်မိသည်။

"ဆာရင် ဝယ်စားလိုက်တော်။ ကျွန်မကို ငဲ့မနေနဲ့"

"မယ်လှရေ ငါ ဝယ်စားချင်ပေမယ့် နင့်အတွက် ဆေးဖိုးလေးရအောင် ချွေတာခဲ့ပါတယ်။ ကံကြမ္မာက မျက်နှာသာမပေးပါဘူး။ အတိတ်ဝဋ်ကြွေးတွေလို့ ထင်မိတယ်ဟာ။ နင်အားရှိအောင် အာဟာရပြည့်စေမယ့် အစားအစာလေးတွေ ဝယ်ကျွေးချင်ပေမယ့် ဝေးသွားပြန်ပေါ့"

ဝမ်းနည်း ကြေကွဲမှုများနှင့် တစ်ယောက်တည်း တွေးနေခိုက် ဘေးသို့ ဘဝတူဈေးသည်လေးများ ရောက်လာမှ အတွေးစတွေပြတ်သွားသည်။

"ဘကြီးအောင် ဘယ်လောက်မြတ်။ ကျွန်မ တစ်သောင်းခွဲမြတ်တယ်"

"ကျွန်တော်က နှစ်သောင်း"

"ငါက တစ်သောင်းနှစ်ထောင်"

ဈေးသည်လေးတွေ သူ့ရှေ့ အမြတ်ငွေလေးတွေကြွားပြတော့ သူ့ရင်ထဲ နင့်ခနဲ ခံစားရသည်။ ဟန်ဆောင် အပြုံးလေးပြုံးရင်း ...။

"ဘကြီးအောင်လည်း တစ်သောင်းလေးထောင်မြတ်တယ်"

"ဟေး ပျော်စရာကြီး"

"မိုက်တယ်"

အားလုံးက ဘကြီးအောင်အတွက် ပျော်နေကြသည်။ ဘကြီးအောင် ညာလိုက်သည်။ သူ့အတွက် ဘဝတူတွေ ပျော်တာလေးတွေ မပျက်စေလိုပေ။ အားလုံးကို မုသားသုံးလိုက်ရပေမယ့် ဘကြီးအောင်ရဲ့ လိမ်ညာမှုက ဖြူစင်သည့် မုသားလေးလို့ ထင်မိသည်။

"ဒီလိုနေ့မျိုးမှာ အရင်နေ့တွေထက် အမြတ်လေးတွေပိုရကြတာမို့ဘကြီးအောင် အတွက်နဲ့ အားလုံး အပျော်လေးတွေ မပြတ်စေချင်ဘူးကွယ်။ သူ့အဖြစ်ကို ပြောပြရင် အားလုံးစိတ်မကောင်းဖြစ်မှာ သေချာသည်မို့ ဘကြီးအောင် ညာလိုက်မိတာပါ ကလေးတို့ရယ်။ အပေါ်ယံ ဟန်ဆောင်ပြုံးနေပေမယ့် ဘကြီးအောင် ရင်ထဲငိုနေရတာပါ"

အပေါ်ယံအပြုံးလေးနှင့် ဘကြီးအောင် စိတ်ထဲကနေ ဝမ်းနည်းစွာ ရင်ဖွင့်နေမိသည်။

(၅)

အားလုံးကို နှုတ်ဆက်ကာ ရေခဲချောင်းပုံးလေးလွယ်လို့ ဘကြီးအောင် ထွက်လာခဲ့သည်။ ရသမျှအမြတ်ငွေလေးကို စိတ်ထဲမှတ်ရင်း မနက်က စဉ်းစားထားတာလေးတွေ မေ့လိုက်သည်။ ဝယ်လို့ရမယ့်ဟာလေးတွေသာတွေးရင်း လေးကန်လာသော ခြေလှမ်းများဖြင့် ကိုဖိုးအောင် အိမ်ပြန်လာခဲ့တော့သည်။

တစ်ထောင်တန်ကို တစ်သောင်းတန် ထင်ပြီး မှားပေးလိုက်မိတာပဲ ကိုယ်တိုင် အပြစ်တင်မိသည်။ အသက်ကြီးသမားတွေရဲ့ဒုက္ခက မသေးလှပါလား။ အားလုံးကို လိမ်ညာပြောခဲ့ပေမယ့် သူ့လုပ်ရပ်လေး မှန်ကန်တယ်လို့တွေးရင်း အိမ်က အမေကြီးကိုလည်း ဘယ်လိုစကားလေးနှင့် နှစ်သိမ့်ရမလဲဆိုတာ တွေးလာမိသည်။ သေချာတာကတော့ ...။

"မယ်လှရေ ဘယ်လိုဖြစ်မှန်းမသိပါဘူး။ အရင်နှစ် ဒီလိုနေ့မျိုးဆို ရောင်းကောင်းပေမယ့်။ ဒီနှစ် အရောင်းပါးတယ်ဟာ"

---

## စိတ်နှလုံးရွှင်ပြုံး တန်ဆောင်မုန်း

❖ ကထိန်သင်္ကန်း ကပ်လှူခါ
လမြတ် တန်ဆောင်ပါ၊
ဖြိုးစွာရာသီ ပန်းခဝဲ
ကြိုတ္တိကာ ယှဉ်တွဲ။

❖ ခြိမ့်ခြိမ့်သဲတဲ့ ဘုံကထိန်
ရိုးရာ နွဲပျော်ချိန်၊
အိမ်တိုင်းအိမ် ပါဝင်ကြ
ပဒေသာပင်လှ။

❖ နိဗ္ဗာန်ဈေးက ဖိတ်ခေါ်သံ
စားဖွယ်စုံလင်ပြန်၊
သဒ္ဒါထက်သန် အလှူပေး
ဆင်းရဲချမ်းသာမရွေး။

❖ ဆေးဖက်ဝင်တဲ့ မဲဇလီ
လပြည့်ညအမီ၊
ယုံကြည်သက်ဝင် သုပ်စားကြ
ဆေးပေါင်းခတဲ့ည။

❖ သာမညဖလ ဒေသနာ
ဗုဒ္ဓ ဟောကြားကာ၊
နတ်လူပြဗ္ဗာ ရွှင်မဆုံး
အဇာတသတ် ပီတိဖုံး။
စိတ်နှလုံးရွှင်ပြုံး
တန်ဆောင်မုန်း ။ ။

ကြင်နာမိုး

---

## မျိုးဆက်သစ်ပျိုးခင်း ကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကောက်ရိတ်ချိန်

စပါးဖုံးတဲ့ လယ်ကွင်းတွေ
ကောက်ပင်လှိုင်းထနေ။
ကိုင်းညွှတ်ဝေလို့ ရွှေရည်လူး
ဆောင်းလရာသီဦး။
ဟေမန်ကူးလို့ နှင်းမှုန်စီ
မြောက်ပြန်လေပင့်ချီ။
ကောက်ရိတ်သွားမည် တရုန်းရုန်း
မြူးကြွပျော်မဆုံး။
ပီတိပြုံးနဲ့ လုပ်အားဆင်
ကောက်ရိတ်လုပ်ငန်းခွင်။
အားသစ်ရှင်လို့ ချစ်ကြည်မွေ့
ကျေးလက်ရွာဓလေ့။
စပါးလှေ့လို့ တလင်းနယ်
ကောက်လှိုင်းတွေကိုသယ်။
ခနကြွယ်တဲ့ တောင်သူများ
မြန်မာပြည်ရဲ့အား။
ကောက်ဦးစပါး ပေါ်ချိန်မှာ
အလှူပေးကြတာ။
မွေးထုံသဒ္ဓါ ပိုလို့ကဲ
ပြောသံညံမစဲ။ ။

မောင်ကြည်လင်(ရွှေကြိုးကြာ)

## အတူဆင်နွှဲ ကထိန်ပွဲ

ထူးမြတ်တဲ့ ဘုံကထိန်
တစ်ကြိမ်သာ ဆင်ယင်နွှဲ။
စီဝရံ ဥတ်သက်န်းကို
လှူဒါန်းသည့်ပွဲ။
ဒိုးပတ်သံ ညံမစဲ
ခြိမ့်ခြိမ့်သဲ လူစုံစွာ
စည်ကားလှတာ။
ရွှေရိုးနှင့် ဒေါ်မိုးပါ
မင်္ဂလာ အခါကောင်း။
ကကွက်တွေ သဘောကျလို့
အောချမိကြောင်း။
အလှူရှင်တွေ ပေါင်းစုလို့
ကောင်းမှုပြု သဒ္ဓါရှင်။
ပဒေသာပင် ကိုယ်စီထမ်း
ကျောင်းလမ်းကိုဝင်။
ကြည်နူးလို့ စိတ်ကြည်လင်
ရင်ထဲတွင် ပီတိပွား။
အလှူတော် ရေစက်ချ
ရကြစေသား။ ။

သီရိဟန်နိုင်(ပုလဲ)

ဆောင်းပါး

# ကျေးလက်ဓလေ့ကို ထိန်းသိမ်းကြစေလို

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

ယနေ့လူသားတို့ နေထိုင်ရှင်သန်ရာ ဤကမ္ဘာမြေပေါ်တွင် နိုင်ငံပေါင်းများစွာရှိပါသည်။ ထို့ကြောင့် လူမျိုးများလည်း ကွဲပြားကြသည့်အလျောက် ယဉ်ကျေးမှုများလည်း မတူညီနိုင်ကြတော့ပေ။ သို့သော် နိုင်ငံတိုင်းသည် သူတို့နိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ကြမြဲဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည်လည်း ကိုယ့်နိုင်ငံ၏ ယဉ်ကျေးမှုများနှင့် ချစ်စရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

### သတိပြုကြရမည့် အချက်နှစ်ချက်

ယဉ်ကျေးမှုများနှင့် ချစ်စရာဓလေ့များကို ထိန်းသိမ်းကြရာတွင် သတိပြုကြရမည့်အချက်နှစ်ချက်ရှိသည်။ ထိုအချက်နှစ်ချက်မှာ ရုပ်ဒြပ်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရုပ်ဒြပ်မဲ့သော ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သည်။ ဥပမာဆိုရသော် ကျွန်ုပ်တို့နိုင်ငံရှိ စေတီပုထိုး၊ ကျောင်းကန်၊ ဘုရားများ၊ မြန်မာ့လက်မှုပညာများ၊ မြေပေါ်မြေအောက်သယံဇာတများနှင့် မြစ်ချောင်းအင်းအိုင်များစသည်တို့မှာ ရုပ်ဒြပ်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ထိုအရာများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

ဥပမာဆိုရလျှင် ကျွန်ုပ်သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ပုဂံကို ချစ်သည်။ မြတ်နိုးသည်။ ထို့အတွက်ကြောင့် လေ့လာရေးခရီးထွက်သည်။ ဤမျှလောက်ဖြင့် ကျွန်ုပ်သည် ယဉ်ကျေးမှုအမွေအနှစ်ကြီးတစ်ခုဖြစ်သည့် ပုဂံကိုထိန်းသိမ်းရာရောက်သည်ဟု မမြင်နိုင်ပေ။ ပျက်စီးနေသည်များကို ပြုပြင်ခြင်း၊ လိုအပ်သည်များကို ဖြည့်စွက်ခြင်း၊ တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ပေးခြင်းနှင့် လူသားအားလုံးကပါ မြတ်နိုးတန်ဖိုးထားတတ်လာစေရန် စွမ်းဆောင်ခြင်းသည်သာ ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပေမည်။ ဤအချက်ကို ကောင်းစွာနားလည်သဘောပေါက်လျှင် တစ်ဦးတစ်ယောက်တည်းက တာဝန်ယူထိန်းသိမ်းနေ၍ မရကြောင်းကို လက်ခံရပေမည်။ ထိုသို့ တစ်ဦးတစ်ယောက်တည်းက ထိန်းသိမ်း၍မရသောကြောင့် အဓိကတာဝန်ယူထိန်းသိမ်းရမည့် အဖွဲ့အစည်းများလည်း ပေါ်ပေါက်လာရပေသည်။ ယခုလည်း ထိန်းသိမ်းစောင့်ရှောက်ရန်အဖွဲ့မှာ အမှန်ပင်ရှိသည်။ ထိုအခါ ကျန်ပုဂ္ဂိုလ်တို့တွင် တာဝန်မရှိဟု ဆိုလိုခြင်းမဟုတ်ပါ။ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ချစ်စရာရိုးရာ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

### ချစ်စရာ ယဉ်ကျေးမှုအမွေအနှစ်

သို့ရာတွင် ကျွန်ုပ်တို့သည် အများအားဖြင့် ရုပ်ဒြပ်ရှိသော ယဉ်ကျေးမှုများကိုသာ ဂရုစိုက်၍ ထိန်းသိမ်းမိတတ်ကြပြီး ရုပ်ဒြပ်မဲ့သော ယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းကြရန် ကောင်းစွာသတိမမူမိကြပေ။ ဥပမာအားဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း မဖြစ်မနေစောင့်ထိန်းကြရမည့် ငါးပါးသီလစောင့်ထိန်းခြင်း၊ ရိုးရာပွဲတော်များ ကျင်းပခြင်း၊ ကျေးလက်ခြင်းဝိုင်း၊ ကျေးလက်စကားဝိုင်း၊ ကျေးလက်တွင် လက်ပံပွင့်ကောက်ခြင်း စသည်တို့မှာလည်း မြန်မာတို့၏ ချစ်စရာ ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သည်။

ရုပ်ဒြပ်အကောင်အထည်ရှိသော ယဉ်ကျေးမှုများဖြစ်သည့် စေတီကျောင်းကန်များ၊ ဘုရားပုထိုးများ၊ မြစ်ချောင်းအင်းအိုင်များစသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဌာနများ၊ အဖွဲ့အစည်းများ၊ စီမံချက်များရှိကြပေသည်။ ထို့အတွက်လည်း ဂုဏ်ယူကြရပေသည်။ ထို့ပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ ကျေးလက်နေပြည်သူများမှာ မြို့ပြနေပြည်သူများထက် ပို၍များပြားလေသည်။ သို့ရာတွင် ကျေးလက်နေပြည်သူများ၏ ချစ်စရာဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းကြရန်အတွက်မှာမူ သိသာထင်ရှားသော အဖွဲ့အစည်းများ၊ စီမံချက်များမရှိပါချေ။ ကျေးလက်ရှိ ချစ်မြတ်နိုးဖွယ်ရာဓလေ့များကို ကျေးလက်နေ ပြည်သူများမှ ရိုးရာမပျက်ထိန်းသိမ်းကြရလေသည်။

### ပိတ်ပင်ဖျက်ဆီးမိသလိုဖြစ်နေ

ကျေးလက်နေပြည်သူတို့မှာ တောင်ယာလုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်ကြရလေသည်။ “ကျောပူမှ ဝမ်းအေးရ”ဆိုသည့်စကားမှာ သူတို့၏ ဘဝကို ရည်ညွှန်းနေလေသည်။ သူတို့တွင် ပျော်စရာလမ်းဟူ၍ မြို့ပြလောက်မရှိကြပေ။ ရိုးရာပွဲတော်များနှင့် ကျေးလက်ဓလေ့အလိုက် လှုပ်ရှားမှုများ၊ လက်ပံပွင့် အတူတူကောက်ကြခြင်း၊ ကျေးလက်ခြင်းဝိုင်း စသည့်နေရာများလောက်ပင်ရှိကြလေသည်။ ထိုသို့ကျေးလက်နေပြည်သူများ၏ ချစ်စရာဓလေ့များကို သတိမမူမိ၍ ပိတ်ပင်ဖျက်ဆီးမိသလို ဖြစ်နေကြသည်များကို မကြာခဏဆိုသလို တွေ့မြင်နေရပါသည်။

နွေဦးရာသီ၏ ကျေးလက်ဒေသများတွင် လက်ပံပင်များပွင့်ကြသောအခါ အချို့သောသူတို့မှာ သူတို့၏ စားဝတ်နေရေးအတွက် ကားများဖြင့်ပင် လာရောက်ကောက်ယူကြသည်များ ရှိပေသည်။ အချို့မှာလည်း သုံးဘီးဆိုင်ကယ်များဖြင့် လာရောက်ကောက်ယူကြပြီး ဈေး(သို့မဟုတ်) စားသောက်ဆိုင်များတွင် ရောင်းချကြပြီး စားဝတ်နေရေးအတွက် ပြုလုပ်ကြလေသည်။ သူတို့သည် စားဝတ်နေရေးအတွက် ရောင်းချရန် လာရောက်ကောက်ယူကြသည့်အတွက် အကုန်လုံးနီးပါးမျှ ကောက်ယူကြလေသည်။ ထိုအခါ ကျေးလက်နေပြည်သူများမှာ လက်ပံပွင့်များ ကောက်ယူစရာ မရနိုင်တော့ပေ။ ထိုအခါ ကျေးလက်၏ ချစ်စရာဓလေ့၊ ပျော်စရာဓလေ့မှာ ပျက်ပေတော့သည်။ တေးသီချင်းတကြော်ကြော်ဖြင့် မောင်လို၊ နှမလိုသဘောထားပြီး လက်ပံပွင့်အတူတူကောက်ကြသည့် ကျေးလက်၏ ချစ်စရာကောင်းသော ဓလေ့မှာ ပြောပြစရာပုံပြင်တစ်ခုသဖွယ်သာ ကျန်ရစ်ရပေတော့မည်။

### အသိအမှတ်ပြုကြရမည်

တန်ဆောင်မုန်းလသို့ ရောက်ရှိလာပြန်သောအခါတွင်လည်း ကျေးလက်ရှိ မဲဇလီပင်များမှ မဲဇလီဖူးများကို ခူးယူကြ၍ စားဝတ်နေရေးအတွက် မြို့ပြရှိဈေးများတွင် ရောင်းချကြသည်များလည်း ရှိပေသည်။ မည်သူမဆို ခူးယူ၍ရသည်ဆိုသော်လည်း ကျေးလက်ဓလေ့ ပျက်စီးသွားသည်အထိဖြင့် မပြုလုပ်သင့်ပါပေ။ အဘယ်ကြောင့်ဆိုသော် တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီပင်တွင် ဆေးပေါင်းခသည်ဟူ၍ ကျေးလက်တွင် မှတ်ယူကြလေသည်။ ထိုနေ့တွင် မဲဇလီဖူးများ ခူးယူကြ၍ လပြည့်ည၏ ညချမ်းအချိန်တွင် ဘိုးဘွား၊ မိဘများကို မဲဇလီဖူးသုပ်များ ကျွေးမွေးကြသည်။ မည်သူ့ကိုမဆို လာရောက်သူများကိုလည်း ဖော်ရွေစွာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ အတူတူဝိုင်းဖွဲ့ကာလည်း ပျော်ရွှင်စွာဖြင့် စားတတ်ကြပေသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီပင်တွင် ဆေးပေါင်းခသည်၊ မခသည်မှာ အဓိကမဟုတ်ပေ။ ရဟန်းသံဃာများကို ကပ်လှူပူဇော်ခြင်း၊ ဘိုးဘွား၊ မိဘများကို ကျွေးမွေးခြင်းနှင့် ပျော်ရွှင်စွာဝိုင်းဖွဲ့ပြီး အတူတူစားကြသည့် ကျေးလက်ရှိ ချစ်စရာဓလေ့များကိုဖြင့် အသိအမှတ်ပြုကြရမည်ဖြစ်သည်။

ထိုသို့ မိမိတို့၏ စားဝတ်နေရေးအတွက် လက်ပံပွင့်များကောက်ယူခြင်းနှင့် မဲဇလီဖူးများ ခူးယူခြင်းမျိုးကို စည်းကမ်းမဲ့စွာဖြင့် မပြုလုပ်သင့်ပေ။ ထိုအရာများသည် ငွေကြေးတန်ဖိုးကြီးမားစွာ ဆုံးရှုံးသည့်အတွက် ပြောဆိုလိုရင်း မဟုတ်ပါပေ။ ငွေကြေးတန်ဖိုးထက်မြင့်မားသော ကျေးလက်၏ ချစ်စရာဓလေ့များကို မပျက်စီးစေလိုခြင်းကြောင့် ဖြစ်သည်။ “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ”နှင့် “ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာ”ဟူသော စကားများကို သတိပြုသင့်ကြပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံသားတိုင်း မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ ရုပ်ဒြပ်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များအပြင် ရုပ်ဒြပ်မဲ့သော်လည်း ချစ်စရာကောင်းသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ကျေးလက်ဒေသရှိ ပြည်သူများ၏ ချစ်စရာရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ကွယ်စေလိုပေ။ ထိန်းသိမ်းကြစေလိုပါသည်။ အသိအမှတ်ပြုကြမည်လားဆိုသည်ကမူ ကျွန်ုပ်တို့တစ်ဦးချင်းစီက အဖြေပေးကြရမည် ဖြစ်ပါသည်။ ။

x x x

## စာပေအစွမ်း အံ့မခန်း

တတ်သိပညာ ဖွေရှာမှတ်ဖို့
စာဖတ်လို့ သင်ရတယ်။
ငယ်တုန်းအခါ ဂရုတစိုက်နဲ့
သင်လိုက်ပါ့ကွယ်။
စာမတတ်တော့ မျက်ကန်းနှယ်
နောက်လိုက်သဖွယ် လူနှင်းပြား။
ဘဝတစ်လျှောက် ခရီးလမ်း
စမ်းတဝါးဝါး။
ယနေ့ခေတ် ကမ္ဘာတစ်လွှား
စာပေအားနဲ့ တိုးတက်နေ။
နည်းပညာ မထွန်းပေါက်လျှင်
အောက်ကျတတ်ပေ။
ယဉ်ကျေးမှု ရိုးရာအမွေ
တည်တံ့စေ ဘယ်မည့်ပြုံး။
စာပေဂုဏ် အရောင်မွှန်းမှ
ထွန်းလိမ့်တန်ခိုး။
ပတ်ဝန်းကျင် လူမှုအကျိုး
ထမ်းသယ်ပိုး ပြုရာတွင်။
ဉာဏ်ပညာ အထိုက်အလျောက်
ထိရောက် အောင်မြင်။
စာပေ၊ သုတ ပြည့်စုံလျှင်
မှား၊ မှန်ယှဉ် ဆင်ခြင်တွေး။
သင့်မြတ်ရာ
ချင့်တွက်ကာ ဘဝလမ်းကို
လျှောက်လှမ်းနိုင်သေး။

မောင်စိုးငွေ(ကသစ်မြေ)

# တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၅**

တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကို ၂၀၁၉ ခုနှစ်အထိ ပြည်နယ်အစိုးရအဆက်ဆက်မှ ဦးဆောင်ကျင်းပခဲ့ရာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခု ၂၀၂၂ ခုနှစ်တွင် တန်ဆောင်တိုင်ပွဲတော် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းများနှင့်အညီ အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များ၊ ပြုလုပ်သင့်သည်များနှင့် လိုအပ်ချက်များကို တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်တို့က ပွဲတော်ကျင်းပရေးနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ မသိုးသက်န်းရက်လုပ်ခြင်း၊ ဆက်ကပ်ခြင်းနှင့် မီးပုံးပျံလွှတ်တင်မှုနှင့်ပတ်သက်၍ ရှင်းလင်းသည်။ ထို့နောက် လုပ်ငန်းဆပ်ကော်မတီများမှ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မသိုးသက်န်းရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာလှည့်လည်ခြင်း၊ မီးပုံးပျံနေ့လွှတ်အရုပ်ခြေနှစ်ချောင်း၊ ခြေလေးချောင်းပြိုင်ပွဲ၊ စိန်နားပန် မီးပုံးပျံများ လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




## သီပေါမြို့နယ်၌ မိဘပြည်သူများသို့ အသိပေးချက် အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**သီပေါ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ မိဘပြည်သူများသို့အသိပေးချက် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နီလာစိုးက အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက မိဘပြည်သူများအနေဖြင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက်ဆုံး/ ပျက်စီး) မိတ္တူလျှောက်ထားလျှင် လည်းကောင်း စသည်တို့ ပြုလုပ်ရာတွင် လိုအပ်သည့်စာရွက်စာတမ်းများနှင့် မိဘပြည်သူများတွင် မှတ်ပုံတင်နှစ်ခုနှင့် အိမ်ထောင်စုစာရင်းနှစ်ခုဖြစ်ပါက မြို့နယ်(လ.ဝ.က)ရုံးသို့ နိုဝင်ဘာ ၁၅ ရက်တွင် နောက်ဆုံးထား၍ လာရောက်အပ်နှံပေးကြရန်နှင့် နိုဝင်ဘာ ၁၅ ရက် နောက်ပိုင်း လာရောက်အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ပေးထားသည့် နေရပ်လိပ်စာနှင့် အိမ်ထောင်စုစာရင်းများကိုသာ အတည်ပြုသွားမည်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများအသိပညာဗဟုသုတ ရရှိစေရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ ရိုက်ကူးထားသည့်အစီအစဉ်အား သီပေါမြို့နယ်ရုံးမှ ဖွင့်လှစ်ထားသော We Love Hsipaw Facebook Page တွင် လွှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၁၀

## ပန်းတနော်မြို့နယ်၌ ထယ်ရေးမလိုသောမျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်း သရုပ်ပြ

**ပန်းတနော် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော်မြို့နယ်တွင် ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်း သရုပ်ပြပွဲကို စက်မှုလယ်ယာဦးစီးဌာနက ယနေ့ နံနက် ၉ နာရီတွင် ဆုတောင်းပြည့်ကျေးရွာအုပ်စု တောကြီးကျေးရွာ တောင်သူ ဦးကျော်အေးငြိမ်း၏ ကွင်းအမှတ် ၅၈၃၊ ဦးပိုင်အမှတ် ၃၄/ ၁ ရှိ လယ်ယာမြေ သုံးဧကတွင် ပြုလုပ်ခဲ့သည်။



**သရုပ်ပြသ**

သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက တောင်သူများအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာရန် ရည်ရွယ်၍ ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာအသုံးပြု စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးစရိတ် ကုန်ကျမှုသက်သာခြင်း၊ တောင်သူများ မြေပြုပြင်စရိတ် လျှော့နည်းစေခြင်း၊ လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ခြင်း၊ အတန်းလိုက် စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ကုန်ကျမှုနည်းခြင်း၊ လေဝင်လေထွက် ကောင်းမွန်ခြင်း၊ ကြားပေါင်းလိုက်ရာတွင် လွယ်ကူခြင်းနှင့် အထွက်နှုန်း ကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူများအား အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ပြီး တောင်သူ ဦးကျော်အေးငြိမ်း၏ လယ်ယာမြေတွင် မတ်ပဲမျိုးစေ့များအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦး၊ အမှတ် (၅) အလတ်စား စက်ပြင်အလုပ်ရုံ စက်ရုံးမှူး ဦးစိုးနိုင်လင်း၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သက်နှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**သံတွဲ နိုဝင်ဘာ ၅**

၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ပြပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သံတွဲခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပရာ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံနှင့် အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာမှတ်တမ်းများ၊ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ၊ လက်ကမ်းစာစောင်များနှင့် သုတ၊ ရသစာအုပ် ၃၀၀ ခန့်ကို ခင်းကျင်းပြသထားပြီး ပြပွဲသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အထက(ခွဲ)မြို့မကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။



သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာနအနေဖြင့် လူငယ်များ အသိပညာဗဟုသုတရရှိစေရန်နှင့် စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အထရှိစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းများ၊ အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စဥ့်ကူးမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**စဥ့်ကူး နိုဝင်ဘာ ၅**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စဥ့်ကူးမြို့ အမှတ်(၂) ရပ်ကွက်ရှိ ကုက္ကိုပြင်ရေဆိပ်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းကိုဦးနှင့် ဝန်ထမ်းများက ဧရာဝတီမြစ်အတွင်းသို့ ထိုင်းငါးခုံးမကောင်ရေ ၁၅၀၀၀ အားဘေးမဲ့လွှတ်ခြင်းတို့ဆောင်ရွက်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏နှစ်ပတ်လည်နေ့ နိုဝင်ဘာ ၇ ရက်တွင်လည်း ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် အမှတ်(၁)ရပ်ကွက်ရှိ ရွှေရပ်တော်ဘုရားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)

# ပြည်သူများ ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရန် လားရှိုးမြို့တွင် ပြည်သူ့ဥယျာဉ်ဖွင့်

**လားရှိုး နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီ ပရိဝုဏ်အတွင်းရှိ ပြည်သူ့ဥယျာဉ်တော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီက ကျင်းပသည်။

**ဝိုင်းဝန်းကူညီထိန်းသိမ်း**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် ပြည်သူများ နေ့စဉ် လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ပိုင်ဆိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရန်ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့ဥယျာဉ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့သာယာလှပရေး ဝိုင်းဝန်းကူညီထိန်းသိမ်းကြရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့ မြို့မိမြို့ဖများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အစီအစဉ်အရ ပြည်သူ့ဥယျာဉ်အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့(ရှမ်း/မြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ လားရှိုးမြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင်၊ ရန်တိုင်းအောင်ဂေါပကဥက္ကဋ္ဌ ဦးငွေအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး ပြည်သူ့ဥယျာဉ်ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြသည်။



ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဧည့်သည်တော်များက ပြည်သူ့ဥယျာဉ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး**



# ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး စစ်ကိုင်းမြို့နယ်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အသင်္ချာခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အခြေခံပညာကျောင်းများ၏ ပင်စင်ကိစ္စရပ်များ၊ ခွင့်ကိစ္စရပ်များ၊ လုပ်သက်ဆက်စပ်ခွင့်ကိစ္စများ၊ အမည်၊ မွေးသက္ကရာဇ် ပြင်ဆင်ခြင်းများ၊ မြေယာနှင့် ဌာနဆိုင်ရာစစ်ဆေးခြင်းများ၊ ရာထူးမှထုတ်ပယ်ခြင်း အယူခံဝင်ခြင်း၊ ကျောင်းထွက်လက်မှတ် ပျောက်ဆုံးခြင်း၊ ကျောင်းအဆင့် တိုးမြှင့်ခြင်း၊ ကျောင်းအမည် ပြင်ဆင်ခြင်း၊ ထူးခြားဖြစ်စဉ် (သဘာဝဘေး)များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း၊ ခေါင်းဆောင်နှင့် ခေါင်းဆောင်မှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီး ၁၁၃ ဦးနှင့် မြင်းမူမြို့နယ်မှ ကျောင်းအုပ်ကြီး နှစ်ဦး၊ မြောင်မြို့နယ်မှ ကျောင်းအုပ်ကြီး တစ်ဦး စုစုပေါင်း ၁၁၆ ဦးတက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးမြို့တွင် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ပဲခူး နိုဝင်ဘာ ၅**

လူမှုဖူလုံရေး ဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပဲခူးမြို့ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းက မြို့နယ်လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မဟာ ဓာတ်အားလိုင်းမှူးရုံး (ကမာနတ်) မှ အာမခံအလုပ်သမား ဦးစိုးသီဟဦး၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၉၉၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ဆွေဆွေဦးအားလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ပဲခူးစက်မှုဇုန် Bago Sports Gloves Co.,Ltd စက်ရုံမှ အာမခံအလုပ်သမား ဦးသန်းကျော်အောင်၏ လုပ်ငန်းခွင်ထိခိုက် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုး ခံစားခွင့်ကျပ် ၄၇၁၉၀၀၀ ကို ဖခင်ဖြစ်သူ ဦးအောင်မျိုးလွင်အား လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် လူမှုရေးရာဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်နှင့် အလုပ်သမား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






# MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ


**ကော့သောင်း နိုဝင်ဘာ ၅**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား ၃၆ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြသည်။

**စနစ်တကျပို့ဆောင်**


မြန်မာအလုပ်သမား အမျိုးသားအလုပ်သမား ၂၆ ဦးနှင့် အမျိုးသမီးအလုပ်သမား ၁၀ ဦး စုစုပေါင်း အလုပ်သမား ၃၆ ဦးသည် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့် ကုမ္ပဏီသို့ စနစ်တကျပို့ဆောင် ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ပါရမီဖြည့်ဖက်

စာရေးသူ မောင်ရင့်ကျူး(မြောင်းမြ) စီစဉ်ရေးသားသည့် ပါရမီဖြည့်ဖက် စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တစ်ယောက်ကိုတစ်ယောက် ကောင်းမွန်သည့်အလုပ်များကို ပိုပိုပြီးလုပ်ဖြစ်စေရန် ကူညီပံ့ပိုးပေးမှ ပါရမီဖြည့်ဖက်ဟုခေါ်သည်။

(၁) Donation(ဒါနပါရမီ) ပေးကမ်းခြင်း-တစ်ဖက်လူအစဉ်ပြေစေဖို့ ကိုယ့်မှာမရှိရှိတာလေးကနေ sharing လုပ်ပေးတာပါ။ ကိုယ်က ဘာပေးလိုက်ပါတယ်ဆိုတဲ့အပေါ် ငါပေးမှ သူရမှာဆိုတဲ့ မာနမျိုးမထားဘူး။ ပြန်ရဖို့လည်း မမျှော်လင့်ဘူး။ ဒါကို ဗုဒ္ဓဓမ္မမှာတော့ ဒါနပါရမီဆိုပြီး ခေါ်တာပေါ့။

(၂) Maral Conduct (သီလပါရမီ) အကျင့်ကောင်းအောင်နေတာ-ဘယ်သူကစ ရေလာမြောင်းပေးလုပ်လုပ်၊ ကိုယ့်စိတ်ကမပါရင် ဖောက်ပြန်နေစရာ ဘာအကြောင်းမှမရှိဘူး။ မဖောက်ပြန်အောင်နေခြင်းသည်ပင်လျှင် ကိုယ့်ကိုယ်ကျင့်သီလကို ကောင်းမွန်အောင်ထိန်းခြင်းပဲဖြစ်ပါတယ်။

(၃) Renunciation (နေက္ခမ္မပါရမီ) ကိုယ်ကျိုးမငဲ့တာ-ကိုယ်ပဲကောင်းစားဖို့မတွေးနေဘူး။ ကိုယ်ကောင်းစားနေရင် တစ်ဖက်က Partner ကို ကောင်းစားစေချင်တာမျိုး၊ ကောင်းစားစေချင်တဲ့ဆန္ဒကိုလည်း ဆန္ဒချည်း သက်သက်မထားဘဲ၊ အကောင်အထည်ဖော်ပေးတာမျိုး၊ တိုတိုပြောရရင် ကိုယ့်ချစ်သူ အဆင်ပြေဖို့ပဲ အဓိကထားပြီး အလုပ်လုပ်ပေးတာကိုဆိုလိုတာ။

(၄) Wisdom(ပညာပါရမီ) ဉာဏ်အမြော်အမြင်ရှိတာ- Man ဖြစ်ဖြစ်၊ Lady ဖြစ်ဖြစ် သင့်အနေနဲ့ ကိုယ့်ကို ပါရမီဖြည့်ဖက်လို့ ခံယူထားတယ်ဆိုရင် ထိုက်သလောက်တော့ ဉာဏ်ရှိဖို့လိုပါတယ်။ အမြော်အမြင်မရှိဘဲ ကိုယ့် Partner ကို လမ်းမှားတွေမလျှောက်မိဖို့ Recomend ကောင်းတွေပေးနိုင်မှာကိုး။ ဒီဟာက ထိခိုက်စေတယ်။ မထိခိုက်စေတယ်ဆိုပြီး ကိုယ့်ဘာသာမစဉ်းစားတတ်သရွေ့ ပါရမီဖြည့်ဖက်လို့ မမှတ်ယူသင့်ပါ စသည့် ပါရမီ ၁၀ ချက်နှင့်ကိုက်ညီလျှင် ပါရမီဖြည့်ဖက်ဟု သတ်မှတ်နိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို သီရိရတနာစာပေ၊ အမှတ်(၁၊ ၂၊ ၃)၊(၅၂၊ ၅၄၊ ၅၆)ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ၊ အမှတ်(၂၃)၊ ဗဟန်း(၂)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၂၅၂၈၅ နှင့် ၀၉ ၂၅၀၂၅၉၃၇၉ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**




## ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်း

စာရေးသူ ရွှေဒါး မောင်မြင့်ထွန်း (အမျိုးသားစာပေဆုရ) ရေးသားသည့် ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်း စာအုပ် ထွက်ရှိလာသည်။

ကျောင်းသားလူငယ်များအတွက် စာဖတ်ခြင်းသည် မဖြစ်မနေ ဆောင်ရွက်ရမည့် တာဝန်တစ်ခုဖြစ်သည်။ မိမိတို့ကျောင်းသင်ခန်းစာများကို ကျေညက်စွာ ဖတ်ရှုမှတ်သားခြင်းဖြင့် တစ်နှစ်တစ်တန်း စာမေးပွဲများအောင်ခဲ့ရုံမျှဖြင့် ကျောင်းသားလူငယ်တို့၏ဘဝသည် ပြည့်စုံပြီး တာဝန်ကျေပွန်ပြီဟု မဆိုနိုင်သေးပေ။

ယနေ့ကျောင်းများတွင် စာသင်ခန်းနှင့် ပြင်ပကမ္ဘာဆက်သွယ်ပါဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုလျက်ရှိသည်။ ယနေ့ကျောင်းများ (တက္ကသိုလ်များအပါအဝင်) တွင် စာကိုချည်း သင်ကြားနေရုံမျှဖြင့် မပြည့်စုံနိုင်တော့ပါ။ ကျောင်းသင်ဘာသာရပ်များအပြင် လူတစ်ယောက်၏ဘဝတွင် တွေ့ကြုံရင်ဆိုင်လာရမည့် လူမှုဆက်ဆံရေး၊ စီမံခန့်ခွဲရေး၊ ပေါင်းသင်းဆက်ဆံရေး၊ တာဝန်နှင့် ဝတ္တရားများ၊ ဘဝနေနည်း၊ ဘဝပြဿနာ ဖြေရှင်းနည်း၊ ပြည်သူ့နီတိဆိုင်ရာ၊ ဒီမိုကရေစီဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကိုပါ လေ့ကျင့်သင်ကြားပေးသင့်သည်။

ဤသို့ ကျောင်းစာသင်ခန်းနှင့် ပြင်ပကမ္ဘာကို ဆက်သွယ်ပေးထားလျက် အလျင်အမြန် ပြန့်ပွားလာသော ကမ္ဘာ့အကြောင်းအရာ၊ နည်းပညာအချက်အလက်များကို ရနိုင်သလောက် ကြိုးစားဆည်းပူးရယူရပါမည်။ ပညာကြီးစိုးသော ယနေ့ခေတ်တွင် တိုးတက်များပြားသောပညာရပ်များကို စဉ်ဆက်မပြတ် သင်ကြား သင်ယူနေကြရမည်ဖြစ်၍ အတန်းပညာ၊ ကျောင်းပညာ ပြီးဆုံးရုံ၊ ဘွဲ့ရရုံဖြင့် မပြီးဆုံးသေးပါ။ ကျောင်းသားလူငယ်တစ်ဦးအဖို့ အသက်အရွယ်မရွေး၊ အချိန်ကာလမရွေး၊ နေရာဒေသမရွေး၊ အဆင့်အတန်းမရွေး (LIFE LONG LEARNING) အဖြစ် ဆက်ကာဆက်ကာ သင်ယူလေ့လာနေကြရဦးမည်ဖြစ်ကြောင်း ထိုစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို အောင်သပြေစာပေ၊ အမှတ်(၅၀၃/၁)၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉ ၇၉၅၃၉၉၈၈၆ နှင့် ၀၉ ၇၈၅၁၇၅၃၉၀ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**




## ကျွန်မနှင့် အရောင်များအပါအဝင် အကျဉ်းထောင်နောက်ခံဝတ္ထုတိုစုစည်းမှု

စာရေးသူ ရွှေသုန္ဒရီ (သလ္လာဝတီ) စီစဉ်ရေးသားသည့် ကျွန်မနှင့် အရောင်များအပါအဝင် အကျဉ်းထောင်နောက်ခံဝတ္ထုတို စုစည်းမှု စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ အသိမှားသူများသို့ခေါင်းစဉ်အောက်တွင် အသိမှား၊ အမြင်မှား၊ အတွေးမှားတို့ကို ဆုပ်ကိုင်ဖက်တွယ်ရင်း မျိုးဖျက်ရန်သူကို ဆက်လက်ရှင်သန် အသက်သွင်းပေးခဲ့၏။ သူ့မိသားစုလေး တစ်စု၏ ထွက်ပေါက်လေးတစ်ခုကိုကြည့်ပြီး ဘဝပေါင်းများစွာ ပေးဆပ်ရမယ့်၊ ဒုက္ခရောက်မယ့် အဖြစ်ဆိုးများကို သူထည့်မတွက်ခဲ့။

ဖိုးစွဲမှုကြောင့် စိတ်ဒုက္ခရောက်ရသော မိသားစုများစွာ၏ မျက်ရည်များ၊ သောကများ၊ အပူမီးများကို လျစ်လျူပြုခဲ့သည်။ နိုင်ငံတော်၏ အညွန့်အဖူးလူငယ်လေးများ နံပါတ်ဖိုး၏ နင်းချေဖျက်ဆီးခံရမှုကို သူ နည်းနည်းလေးမှထည့်တွက်မိမည် မဟုတ်။

လူဆိုတာ ကိုယ့်ကျောပေါ် မီးကျမှ ပူမှန်းသိကြသည်။ သူများကျောပေါ် မီးကျရင် ပူရှာမည်ကို စိတ်ကူးထဲ တောင်ထည့်ပြီး တွေးမည်မဟုတ်။ ဘာပဲဖြစ်ဖြစ်လေ။ သူ့ကို လူသားတစ်ဦးအနေနှင့် ကျွန်မ စာနာသနားမိပေမယ့် ဥပဒေဘက်မှကြည့်ရင်တော့ နည်းနည်းလေးမှ ခွင့်လွှတ်နိုင်စရာမရှိပေ။ ပြီးတော့ နံပါတ်ဖိုး၏ သားကောင်ဘဝရောက်ခဲ့ကြရသော မိသားစုများကလည်း သူ့ကို ခွင့်လွှတ်ကြမည်မဟုတ်။ မိမိ ရင်နှင့်အမျှ အသက်နှင့်ထပ်တူချစ်ခင်မြတ်နိုးသောသူများအတွက် ပေးဆပ်ရန် သွေးကြွေးကိုတော့ မေ့ကြမည်မဟုတ်။ ကိုယ်ပြုသမျှကံကိုပင် ခံရစမြဲပါ။ ကောင်းမှုနောက်သို့ ကောင်းမှုပင်လိုက်၏။ မကောင်းမှုနောက်သို့ မကောင်းမှုပင် လိုက်လေသည်။ လောဘ၊ ဒေါသ၊ မောဟ သားကောင်များအတွက်တော့ ဥပဒေရဲ့စည်းဝိုင်းအတွင်းက နံရံလေးဖက်နှင့် အကျဉ်းထောင်က ရှိနေမည်ဖြစ်သည်။ အဲဒီအခါကျမှ ကျစီးဆင်းလာတဲ့ နောက်မှရတဲ့ နောင်တမျက်ရည်များသည် အခါလွန်မှရွာသောမိုးကဲ့သို့ အဓိပ္ပာယ်မဲ့လှကြောင်းရေးသားထားသည်။

**စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း-၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။**




## မြို့ပုသိမ် တို့အိမ်ကိုလွမ်းတယ်

ပုသိမ်မြို့အကြောင်းကို စိတ်ဝင်စားဖွယ် စီစဉ်ရေးသားသည့် စာရေးသူ ဝင်းနွယ်(ပုသိမ်)၏ မြို့ပုသိမ် တို့အိမ်ကိုလွမ်းတယ်စာအုပ် ထွက်ရှိလာသည်။

ပုသိမ်မြို့သည် ရှေးယခင်မင်းများလက်ထက်တွင် အမည်အမျိုးမျိုး မှည့်ခေါ်ခဲ့ကြကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

သက္ကရာဇ် ၅၂၃ ခုနှစ်တွင် ပုဂံပြည် မင်းယဉ်နရသိခ်ဘုရင် လက်ထက်တွင် ရန်ဘက်ဖြစ်သော ပဋိက္ခရားမင်းနှင့် စစ်ပြိုင်ရမည်ဖြစ်သဖြင့် ထိုမင်း၏ အလံဦးကင်းဖျား(စစ်ဦး) ကျသောအခါ မူလ ကုသိလမရဋ္ဌအမည်သည် လောကုတ္တရာအမည်ဖြစ်နေသဖြင့် စစ်ရေးပြိုင်သည့်အခါတွင် အရေးပါသောခံတပ်အမည်ကို လောကီရေးအရ အကျိုးပြုနိုင်သောအမည်သာဖြစ်ရစေမည်ဟု သတ်မှတ်ပြီး ထိုစဉ်အခါက ပညာရှိများနှင့် ဗေဒင်၊ ကျမ်းကြီးကျမ်းခိုင် အမျိုးမျိုးတို့ ညှိနှိုင်း၍ ကုသိမ်သည် ကုသိမ်ဖြစ်လျှင် ‘က’ နှင့် ‘သ’ သည် သောကခတ်ကျနေသဖြင့် ရန်ငြိုဟ်ဖြစ်နေသည်။ ထို့ကြောင့် ‘က’ နှင့် ‘သ’ သို့ပြောင်းလျှင် ‘ပ’ နှင့် ‘သ’ မှာ မိတ်ဖက်ခတ်ဖြစ်သဖြင့် ကုသိမ်မှ ပုသိမ်သို့ ပြင်ဆင်ခေါ်ဝေါ်ကြရန် မော်ကွန်းစိုက်ထူထားကြောင်း မှတ်သားရပေသည်။

ရှေးဟောင်းမှတ်တမ်းများတွင်လည်း (သောနင့်တြိန်ပဍ္ဍမိန် ပုသိမ်တွင်သောနစ်) ဟု မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်မှစ၍ ပုသိမ်ဟုခေါ်ကြကြောင်း မှတ်တမ်းများအရ သိရသည်။ ပုသိမ်မြို့ကို စိုးစံသော ကုလားပသီမင်းကိုအစွဲပြု၍ (ပသီ) ဟု သတ်မှတ်ကြပြန်သည်။ သက္ကရာဇ် ၆၀၀ ကျော်သို့အရောက်တွင် သမုဒ္ဒဃောသနှင့် ဥမ္မာဒန္တီမိဖုရားတို့ စိုးမိုးအုပ်ချုပ်မင်းလုပ်စဉ် ပုသိမ်မြို့သည် အလွန်ပင်စည်ပင်သာယာဝပြောသောကြောင့် နဂရဝေပုလ္လ(စည်ပင်ဝပြောမြို့)ဟုခေါ်တွင်ပြန်သည်။ ထိုကဲ့သို့ အမည်အမျိုးမျိုး ခေါ်တွင်ခဲ့သော်လည်း သမုဒ္ဒဃောသနှင့် ဥမ္မာဒန္တီမိဖုရားတို့ကွယ်လွန်ပြီးနောက်တွင် ပုသိမ်မြို့အမည်သာ ထင်ရှားလာပြီး ယခုတိုင် ခေါ်ဝေါ်သုံးစွဲလျက်ရှိသည်။

**စာအုပ်ကို မိုးကျော်စာပေ၊ အမှတ်(၃၇၇)၊ လမ်း(၃၀)၊ အပေါ်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၃၀၂၉၅၉၀ နှင့် ၀၉ ၇၃၂၄၅၂၅၇ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အခြေခံ ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**ဟိုပန် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ခဲ့သည့် အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အထက(ဟိုပန်) ကျောင်းရှိ စာေမဟာခန်းမ၌ ကျင်းပသည်။

ဟိုပန်မြို့နယ် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းထွမ်းက အဖွင့်အမှာစကားပြောကြားပြီး ဟိုပန်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒေါ်နန်းခမ်းပန်က သင်တန်းတွင်သင်ကြားပေးခဲ့သည့် ဘာသာရပ်ဆိုင်ရာများနှင့် ကျောင်းကြက်ခြေနီအသင်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဟိုပန်မြို့နယ် အခြေခံပညာဦးစီးဌာနနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ ပူးပေါင်းကာ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အထက(ဟိုပန်) နှင့် အထကခွဲ (ရွှေဝါ) ကျောင်းတို့ရှိ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ ၁၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

❖ ကျောဖုံးမှ

မွေးမြူသူများက ရည်မှန်းထားလျက်ကာ ရုရှားနိုင်ငံသို့ ပနားမီးပုစွန်ဖြူတင်ပို့နိုင်ရန် နှစ်နိုင်ငံ G to G ရေထွက်ကုန်ကဏ္ဍဆိုင်ရာ MoU လက်မှတ်ရေးထိုးပြီးဖြစ်၍ ရေထွက်ကုန်စက်ရုံများနှင့် ပုစွန်မွေးကန်များ အစစ်ဆေးခံပြီးပါက မြန်မာ့ပနားမီးပုစွန်ဖြူကို ရုရှားနိုင်ငံသို့တင်ပို့ရန် အသင့်ရှိနေကြောင်း သိရသည်။

"မြန်မာနဲ့ရုရှားရေထွက်ကုန်ဆိုင်ရာ G to G လက်မှတ်ရေးထိုးပြီးပြီဆိုတော့ ရေထွက်ကုန်တင်ပို့မယ့် စက်ရုံတွေအစစ်ဆေးခံမယ့် ပရိုတိုကောလ်အပိုင်းပဲကျန်ပါတယ်။ EUနဲ့ဆိုရင်လည်း မြန်မာနိုင်ငံအနေနဲ့ ရေထွက်ကုန်နဲ့ပတ်သက်ရင် ပရိုတိုကောလ်ကဏ္ဍပြီးသွားတဲ့အတွက် ရေထွက်ကုန်တွေပို့နေတယ်။ တရုတ်နိုင်ငံနဲ့ဆိုရင်လည်းငါးလုပ်ငန်းဦးစီးဌာနနဲ့ ပရိုတိုကောလ်လက်မှတ်ထိုးပြီးတာနဲ့ MoU လက်မှတ်ထိုးဖို့ရှိတယ်။ ရုရှားက MoU လက်မှတ်ထိုးပြီးသားဖြစ်တဲ့အတွက် စက်ရုံနဲ့ ငါးမွေးကန်တွေစစ်ဆေးခံမယ့်ပရိုတိုကောလ်ကဏ္ဍမှာ သူတို့လက်ခံရင် ရေထွက်ကုန်ပို့လို့ရနေပါပြီ၊ စာလည်းပို့ထားပြီးပါပြီ။ G to G လုပ်ဆောင်ရမယ့်ကဏ္ဍတွေတော့ရှိတယ်။ ရန်ကုန်ကနေ ပို့ဆောင်တာထက် မြိတ်ကနေပုစွန်တင်ပို့နိုင်မယ်ဆိုရင် ရေရှည်မှာ ပိုပြီးအကျိုးရှိနိုင်တယ်။ ရေထွက်ကုန်ထုတ်လုပ်ရာမှာဈေးကွက်ဟာ အရေးကြီးတာကြောင့် ခိုင်မာတဲ့ဈေးကွက်ရရှိမှုဟာ နိုင်ငံတော်နဲ့ မွေးမြူရေးတောင်သူတွေ၊ အဲဒီဒေသကပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမှာအမှန်ပါ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ပနားမီးပုစွန်ဖြူကို မြိတ်ကျွန်းစုဒေသတွင် မွေးမြူထုတ်လုပ်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်စုကျော်ကြာရှိပြီဖြစ်ပြီး အဆိုပါမျိုးစိတ်ကို အမေရိကန်နိုင်ငံ ဟာဝိုင်အီကျွန်းရှိ မိဘမျိုးစိတ်များမှ မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် ပနားမီးပုစွန်ဖြူတစ်ဧက မွေးမြူလျှင် ၂၅ တန်ထွက်ရှိပါက မြန်မာနိုင်ငံ၌ တန် ၄၀ ခန့် ထွက်ရှိသောကြောင့် မြန်မာ့ပင်လယ်ပြင်ရေထု၏ သန့်ရှင်းလတ်ဆတ်မှု၏ အကျိုးကျေးဇူးအဖြစ် မွေးမြူရေးရေထွက်ကုန် အရည်အသွေးကောင်းမွန်လျက်ရှိပြီး မြန်မာ့ရေထွက်ကုန်များကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိသည်။

**တရုတ်နိုင်ငံကို အများဆုံးပို့**

"မြိတ်ကျွန်းစုကထွက်ရှိတဲ့ ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံကို အများဆုံးပို့တယ်။ တိုက်ရိုက်ရောင်းချတဲ့အဆင့်တော့မဟုတ်ဘူး။ G to G လုပ်ဆောင်နိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေလာမှာပါ။ ထိုင်းနိုင်ငံကလည်းပနားမီးမွေးမြူပြီးတင်ပို့နေတာရှိတယ်။ မြန်မာ့ပုစွန်ကိုအေးခဲပြုလုပ်ပြီး ဂျပန်ကိုလည်းတင်ပို့တယ်။ ဝယ်လိုအားရှိတဲ့နိုင်ငံတွေကို ပို့နေတာလည်းရှိတယ်။ ခိုင်မာတဲ့ဈေးကွက်တော့မရသေးဘူး။ ရုရှားကို ပုစွန်တင်ပို့မယ်ဆိုရင် လေကြောင်းထက်အအေးခန်းပါတဲ့ ကွန်တိန်နာသင်္ဘောနဲ့တင်ပို့ဖို့များတယ်။ မြိတ်ကနေတိုက်ရိုက်တင်ပို့နိုင်ရင် ပိုပြီးအကျိုးရှိမှာပါ။ ဈေးကွက်ရလာပြီဆိုရင် တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်တဲ့အပြင် တိုးချဲ့မွေးမြူဖို့လည်းအဆင်သင့်ရှိနေပါတယ်။ မြိတ်မှာပနားမီးပုစွန်ဖြူမွေးမြူတာ အောင်မြင်မှုရနေပါပြီ"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

**သတင်း – ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**



## ရန်ကုန်မြို့တော် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်မြို့တော် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ယနေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပသည်။

ပွဲတော်လာပြည်သူများ စိတ်အပန်းပြေစေရန် တေးဂီတ DJ အဖွဲ့ဖြင့် ဖျော်ဖြေမှုနှင့်အတူ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ရောင်စုံမီးအလှများကို ပုံစံမျိုးစုံပုံဖော်ထားရှိပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား မီးအလှများထွန်းညှိပူဇော်ထားရှိမှုကို ကြည်ညိုသပ္ပာယ်စွာ တွေ့မြင်ရမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင်လည်း ဆိုင်ခန်းပေါင်း ၁၉၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ပွဲတော်လာပြည်သူများ စိတ်ချမ်းသာမှုရှိစေရန် ဈေးနှုန်းများကိုလည်း အသင့်အတင့်ဖြင့် ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်မြို့တော် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း မီးရှူး၊ မီးပန်းများ ပစ်ဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ – ကိုကိုဇော်**



နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တိမ်တောင်ပရိယတ္တိစာသင်တိုက်၌ တိမ်တောင်ဓမ္မစကူး(လ်)မှ မဟာဘုံကထိန်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပရာ ရှမ်းပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်တင်နှင့် အလုပ်အမှုဆောင်များက နိဗ္ဗာန်ဈေးလာပရိသတ်များနှင့်ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်တို့အား အာဟာရမုန့်များ ဝေငှလှူဒါန်းစဉ်။ တင်ဝင်းတင်

✪ ၂၀၂၂ ရာသီမှ

Junior Lions အသင်းပွဲတွင် အနိုင်ရသည့်အသင်းမှာ ချန်ပီယံဖြစ်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲရသည့် တက္ကသိုလ်အသင်းက ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ချန်ပီယံဆုရ တက္ကသိုလ်လက်ရွေးစင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုငွေကျပ်သိန်း ၁၃၀ နှင့် ချန်ပီယံဆုဖလား၊ ဒုတိယရရှိခဲ့သည့် Junior Lions အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေကျပ် သိန်း ၁၀၀၊ တတိယရခဲ့သည့် ဒဂုံစတားယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေကျပ် သိန်း ၇၀၊ သွင်းဂိုးအများဆုံး ကစားသမားဆုရရှိသည့် ဒဂုံစတားယူနိုက်တက် တိုက်စစ်မှူး ဖိုးချစ်ကို ဆုတံဆိပ်နှင့်အတူ ဆုငွေကျပ် ငါးသိန်းချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် တက္ကသိုလ်အသင်းက ၁၀ ပွဲကစား ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၂၁ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး Junior Lions အသင်းက ရမှတ် ၂၀ ဖြင့် ဒုတိယ၊ ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၂၀ ဖြင့် တတိယဆုရခဲ့သည်။ Junior Lions အသင်းနှင့် ဒဂုံစတားအသင်းမှာ ရမှတ်တူသော်လည်း Junior Lions အသင်းက ဂိုးကွာခြားချက်သာသဖြင့် ဒုတိယရခဲ့ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – သော်ကြီး**

❍ MNL ပွဲစဉ်(၁၂)မှ

နိုဝင်ဘာ ၃ ရက် ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ချန်ပီယံဆုရထားပြီးဖြစ်သော်လည်း ယခုတစ်ပတ်တွင် တန်းဆင်းတစ်နေရာအတွက် အဆုံးအဖြတ်ကစားရမည်ဖြစ်သလို အာရှအဆင့်ဝင်ခွင့်အတွက် ဒုတိယနေရာရအသင်းလည်း ထွက်ပေါ်လာနိုင်သည်။

ပွဲစဉ်(၁၈)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၄၂ မှတ်ဖြင့် ချန်ပီယံဖြစ်ထားပြီး ရန်ကုန်အသင်းက ၁၆ ပွဲကစား ၃၅ မှတ်၊ ဟံသာဝတီအသင်းက ၁၇ ပွဲကစား ၃၂ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၂၇ မှတ်၊ ရှောဝတီအသင်းက ၁၆ ပွဲကစား ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၆ ပွဲကစား ၂၅ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၆ ပွဲကစား ၂၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ပွဲကုန် ၁၈ ပွဲကစား ၁၁ မှတ်၊ GFA အသင်းက ၁၇ ပွဲကစား ၁၀ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား လေးမှတ်ရရှိထားသည်။

**ကိုညီလေး**

## အနုပညာ

### ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲခဲ့ခြင်းက ဘဝမှာအကောင်းဆုံးဖြစ်ရပ်ဟု ဆယ်လီနာဂိုးမက်ဇ်ဆို

အမေရိကန်တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုးမက်ဇ်က ချစ်သူဟောင်းတေးသံရှင် ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲခဲ့ခြင်းက ဘဝမှာ အကောင်းဆုံးသော ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုးမက်ဇ်က သူ့ရဲ့ မှတ်တမ်းရုပ်ရှင် My Mind and Me မှာ ချစ်သူဟောင်း ဂျက်စတင်ဘီဘာနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာပါ။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲဖို့ဆုံးဖြတ်နိုင်ခဲ့ခြင်းဟာ သူ့ဘဝမှာ အကောင်းဆုံးဖြစ်ရပ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဆယ်လီနာဂိုးမက်ဇ်က သူတို့နှစ်ဦးချစ်သူတွေ ဖြစ်နေကြောင်း လူသိရှင်ကြားလက်တွဲခဲ့ကြတာဖြစ်တဲ့အတွက် သူတို့အကြောင်းကို ပရိသတ်က အရာရာသိရှိနေကြောင်း၊ အခြားသူတွေက မပြတ်စေချင်ကြတဲ့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို ဖြတ်တောက်လိုက်ဖို့ရာ သူ့အတွက် စိုးရိမ်ကြောက်ရွံ့စရာဖြစ်ခဲ့ကြောင်း၊ ဒါပေမယ့် အတိတ်တစ်ခုကို လက်လွှတ်ပြီးနောက်မှာတော့ နောက်ထပ်စိုးရိမ်ကြောက်လန့်မှုတွေ မရှိတော့ကြောင်း ဆိုပါတယ်။

ဆယ်လီနာဂိုးမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲခဲ့ကြပြီးနောက် ၂၀၁၈ ခုနှစ်အတွင်း လမ်းခွဲခဲ့ကြတာလည်း ဖြစ်ပါတယ်။

### အတ္တလန္တာ ဖျော်ဖြေပွဲမှာ ဆံပင်ပုံစံသစ်နဲ့ တွေ့မြင်ရတဲ့ ဂျီဆူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ လတ်တလောမှာ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်နေပါတယ်။ အဆိုပါ ဖျော်ဖြေပွဲတွေအနက် အတ္တလန္တာမှာ ပြုလုပ်တဲ့ ဖျော်ဖြေပွဲမှာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျီဆူးကို ယခင်တွေ့မြင်နေကျမဟုတ်တဲ့ ဆံပင်ပုံစံနဲ့ ပြင်ဆင်ဖျော်ဖြေခဲ့တာကို တွေ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီဆူးရဲ့ ဆံပင်ပုံစံသစ်ဟာ ပရိသတ်တွေအကြား လူကြိုက်များခဲ့ပါတယ်။ ဆံပင်ကို နှစ်ဖက်ခွဲကာ ဆံထုံးထုံးထားပြီး ပတ်လည်မှာ အနက်ရောင်ဖဲပြားတွေ ပန်ဆင်ထားခဲ့ပါတယ်။ ဒီလိုပြင်ဆင်ထားတဲ့ ဂျီဆူးရဲ့အသွင်အပြင်ဟာ အတော်လေး နှစ်သက်မြတ်နိုးဖွယ်ရှိကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြမှုတွေရှိခဲ့တယ်လို့လည်း သိရပါတယ်။



**အေးပြည့် - စုစည်းသည်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုန်းကြည်

### အသက်(၁၀၁)နှစ်

ပြင်ဦးလွင်မြို့နယ်၊ ပွဲကောက်ကျေးရွာနေ (ဦးထွန်းသာ–ဒေါ်ကြင်)တို့၏သမီး၊ (ဦးအောင်ညွန့်)၏ဇနီး၊ ရန်ကုန်မြို့နေ အငြိမ်းစား သံအမတ်ကြီး ဦးလှမြင့်–ဒေါ်ခင်အေးနွယ်၊ နေပြည်တော်နေ ဗိုလ်ချုပ်ကျော်ညွန့်(အငြိမ်းစား) (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန) (ညွှန်ကြားရေးမှူး၊ ကကဆက်)–ဒေါ်သီတာစိန်၊ ပြင်ဦးလွင်မြို့နေ ဒေါ်ကြူကြူမာ–ဦးဝေအောင်၊ မိတ္ထီလာမြို့နေ ဦးမြင့်သန်း– ဒေါ်ကြည်ကြည်ခိုင်၊ အောင်ပန်းမြို့နေ ဦးမြင့်ဇော်–ဒေါ်စန်းစန်းမော်၊ ပြင်ဦးလွင်မြို့နေ ဒေါ်မြင့်မြင့်အေး–ဦးခင်မောင်ရီတို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၄–၁၁–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆–၁၁–၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အမှတ် (၈/၅၁)၊ သိင်္ဂီလမ်း၊ ရပ်ကွက်ကြီး(၁၀)နေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ [ကွယ်လွန်သူအားရည်စူး၍ ၈–၁၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်ပူဇော်ပြီး အမျှအတန်း ပေးဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်(ကျောက်ဖြူ)

### အသက်(၇၇)နှစ်

မင်းကွန်းတိပိဋက=နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့စာပေမော်ကွန်း ဥက္ကဋ္ဌ၊ ရွှေရတုတိပိဋကစကျွပါလဆေးရုံ (ထီးဆောင်း)နှင့် ရွှေရတုတိပိဋကစကျွပါလဆေးရုံခွဲ (ရွှာငံ)တို့၏ဆေးရုံကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှာငံမြို့အနန္တဇိနသမ္ဗုဒ္ဓစေတီတော်တည်ဆောက်ရေးအဖွဲ့နာယက၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအမ်းယုမောင်(မောင်လူမွှေး–မြန်မာမှု)၏ ကျေးဇူးရှင်အစ်မကြီး ဒေါ်တင်ကြည်(ကျောက်ဖြူ)သည် ၂–၁၁–၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာနာယကဆရာတော်များနှင့် အမှုဆောင်အဖွဲ့**
**မင်းကွန်းတိပိဋက=နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့**

---

### "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ကျောင်းကုန်း (၂၆) ရပ်ကွက်၊ ရွှေကြေးလမ်း၊ မြေကွက်အမှတ်(၃၉၀–ခ)၊ အလျား(၂၀) ပေx အနံ (၆၀)ပေရှိ မမြင့်မြင့်သိန်း အမည်ပေါက် ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်မှု အထောက်အထားများ၊ အဆက်အစပ်စာချုပ်များဖြင့် ဦးနေမင်းထွန်း [၁၂/ဥကမ(နိုင်)၁၅၉၁၃၆] ကိုင်ဆောင်သူမှ ဥပဒေနှင့်အညီ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ [၉/တကန(နိုင်)၁၃၄၅၁၂] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ရေးဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်နှင်းပွင့် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၅၈၆၈)၊**
**တိုက်အမှတ် (၈/၁၃)၊ ဘုရင့်နောင်အရာရှိရိပ်သာ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၄၂၅၃၂၅၀၃**

---

**"ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃ(၆)လမ်း၊ မြေကွက်အမှတ်(၆၈၁–က)၊ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်လွှာချင်း(၆)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ် (ထပ်ခိုးခန်း/မှန်ခန်း)၊ အကျယ်အဝန်း(အမြင့် ၁၇ပေ x အလျား၁၈ပေx အနံ၅၅ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"**

အထက်ပါတိုက်ခန်းသည် ဒေါ်သန်းသန်းအေး[၁၀/ခဆန(နိုင်)၀၈၂၉၈၃]ကိုင်ဆောင်ထားသူက နှစ်ဦးသဘောတူ အဆင့်ဆင့်ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားပြီး အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးသန့် [၁၂/ဥကတ(နိုင်)၁၃၂၉၇၃]နှင့် ဒေါ်မြမြဆွေ[၁၂/ဥကတ(နိုင်)၀၈၀၅၆၃]ကိုင်ဆောင်ထားသူနှစ်ဦးတို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသန့်နှင့် ဒေါ်မြမြဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄–မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၃၅၆၈**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။



---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်တင်နု (အမ်း)

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁၅/ခ)၊ (၂/က)၊ စံပြရပ်ကွက်၊ သပြေလမ်းနေ ဦးကျော်ကျော်၏ ချစ်လှစွာသောဇနီး ဒေါ်တင်နုသည် ၂၈–၁၀–၂၀၂၂ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အမ်းမြို့နယ်အသင်း(ရန်ကုန်)**

---

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃) ရပ်ကွက်၊ မင်းရဲကျော်စွာ (၁၄)လမ်း၊ အမှတ် (၅၇)၊ (တတိယထပ်)၊ အကျယ်အဝန်း (၁၈x၅၅) ပေရှိ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစောဂျက် [၁၂/သလန(နိုင်)၀၉၉၂၅၀] ကိုင်ဆောင်သူထံမှ (၄–၁၁–၂၀၂၂) ရက်စွဲပါ နှစ်ဦးသဘောတူ လူနေတိုက်ခန်းနှင့် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မြေရှင် ဦးတင်ဝင်း (ကွယ်လွန်) ကိုယ်စား ဦးသက်ဆွေမျိုး ရှေ့တွင်တရားဝင်ပြုလုပ်ချုပ်ဆို၍ ယင်းနေအိမ်တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ ဦးပြည့်ဖြိုးထူး [၁၂/လသယ(နိုင်)၂၃၈၁၄၁] ကိုင်ဆောင်သူမှ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လူနေအိမ်တိုက်ခန်းနှင့် ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ ဦးပြည့်ဖြိုးထူး၏ သဘောတူညီချက်မရဘဲ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းစသည့်ကိစ္စရပ်များ ဆောင်ရွက်ခွင့်မပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးထူး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မြတ်ဝေ (LL.B.,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၀၈)**
**အမှတ် (၇၇၅/က)၊ အောင်ဆန်းသူရိယလမ်း၊ (၁၈)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၂၀၅၈၅၀၉၈**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉–လမ်း၊ အမှတ် (၁၅၄/၁၅၈)၊ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပွင့်ကေသီမောင်မောင် [၁၂/ရကန(နိုင်)၀၆၇၇၅၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်ဦး [LL.B,LL.M,MRes(Law),D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ်၊ (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၂–လမ်း၊ အမှတ်(၉၈)၊ ၆–လွှာနေ (ဘ) ဦးအပွရောင်း (ခ) ဦးစန်သောင်း [၁၂/မဂတ(နိုင်)၀၇၄၆၇၀]နှင့် (မိ) ဒေါ်ဝင်း [၁၂/မဂတ(နိုင်)၀၄၇၂၆၅]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအပွရောင်း(ခ) ဦးစန်သောင်းနှင့် ဒေါ်ဝင်းတို့၏ သမီးဖြစ်သူ ဒေါ်နွေးယုလှိုင် [၁၂/မဂတ(နိုင်)၀၈၆၉၆၈]ကိုင်ဆောင်သူသည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိခင်၊ ဖခင်တို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်သွားသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် သမီးဖြစ်သူ ဒေါ်နွေးယုလှိုင်နှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

---

### ဦးအောင်ခန့်ပိုင် (New Light Co., Ltd.) နှင့် သက်ဆိုင်သူများ သိစေရန် ကြေညာခြင်း

စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ လှိုင်ခမ်းအိမ်ယာ စီမံကိန်း၏ စီမံကိန်းမန်နေဂျာ ဦးဇော်ဝင်းမောင် (၇/ပမန(နိုင်)၀၀၅၀၅၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လှိုင်ခမ်းအိမ်ယာစီမံကိန်းအတွင်းရှိ လမ်းများအား ကတ္တရာလမ်းအဖြစ် ဖော်ဆောင်နိုင်ရန် ဆောင်ရွက်ခြင်း၌ ဦးအောင်ခန့်ပိုင် (New Light Co., Ltd.) သည် လုပ်ငန်းပြီးပြတ်အောင် ဆောင်ရွက်ရန် ကျန်ရှိနေခြင်းအား (၃၀-၁၁-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ လှိုင်ခမ်းအိမ်ယာစီမံကိန်းမန်နေဂျာ ဦးဇော်ဝင်းမောင်နှင့် လာရောက်တွေ့ဆုံပြီး လုပ်ငန်းလက်ကျန်၊ ငွေစာရင်းလက်ကျန်ကိစ္စများအား ရှင်းလင်းရန် အသိပေး ကြေညာ အပ်ပါသည်။

လိုက်နာခြင်းမရှိ ပျက်ကွက်ပါက တရားဥပဒေမှ ခွင့်ပြုထားသော နည်းလမ်းများအတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ခင်မောင်ဌေး | ချစ်ငြိမ်းကျော် |
| (စဉ်-၃၅၃၁/၈၆) | (စဉ်-၈၇၇၃/၁၃) |

**တရားလွှတ်တော်ရှေ့နေများ**
အမှတ် (၁၂၈)၊ မြေညီထပ်၊ ၄၁-လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁၈၂၄၅၇၈၄၊ ၀၉-၄၂၀၀၇၄၆၁

---

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ

### သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအနောက်ရပ်ကွက်၊ မိုးကောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန–နာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်ရှိ မြို့နယ်သြဝါဒါစရိယ မဟာထေရ်မြတ်သည် (၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း–၁၃)ရက်၊ ၅–၁၁–၂၀၂၂ (စနေနေ့) နံနက် ၄:၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူ သွားပါသဖြင့် ဆရာတော်၏ အန္တိမစျာပနကျင်းပမည့်ရက်အား ပြန်လည်အသိပေးမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ**

---

### ဦးအောင်ဗိုလ်ဗိုလ် B.E(Mechanical)

### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၇၅)၊ မာန်ပြေ(၁)လမ်း၊ အရှေ့(၂) တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဦးအုန်းမောင်–ဒေါ်အုံးခင်)၊ (ဦးမောင်ဟိန်း–ဒေါ်ပြုံး)တို့၏မြေး၊ (ဦးတင်ဝင်း–ဒေါ်ရီရီဝင်း) တို့၏သားလတ်၊ ဒေါ်စုယဉ်ဖြိုး၏ခင်ပွန်း၊ မအေးချမ်းမြေ့ ၏ ဖခင်၊ ဦးအောင်ကျော်မြင့်–ဒေါ်တင်နွယ်ဝင်း၊ ဒေါက်တာ ရှိန်းဘိုဘိုတို့၏ညီအစ်ကို ဦးအောင်ဗိုလ်ဗိုလ်သည် ၄–၁၁–၂၀၂၂ (သောကြာနေ့) ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁၁–၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၁၉၂)၏ မြေအကျယ်အဝန်း (၄၀ x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၉၃)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးသိန်းကြွယ်(OPO–၀၅၄၆၄၈)အမည်ပေါက် မြေချပါမစ်(မူရင်း)ဘက်ခြမ်းမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရီရီဝင်း [၇/သနပ(နိုင်)၁၀၁၁၃၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**REALITY KING LAW FIRM**

| | |
|---|---|
| ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉) |
| (LL.B, D.I.L) | (LL.B, D.B.L, D.I.L, WIPO Switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၂၄၁**

---

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၅၀/၁)၏ မြေအကျယ်အဝန်းဧရိယာခန့်မှန်း(၀.၁၈၀)ဧကထဲမှ တရားဝင်မခွဲစိတ်ရသေးသော စက်မှုလယ်ယာလမ်းသွယ်နှင့် စက်သွားလမ်းထောင့်ရှိ မြေအကျယ်အဝန်း(၈၀/၇၀ပေ x ၆၀/၅၀ပေ)ရှိ ဒေါ်မေသက်နွယ်[၁၂/ဥကတ(နိုင်)၀၀၀၉၅၂] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်မြတ်မိုး[၁၂/ဗဟန(နိုင်)၀၁၇၁၄၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါ ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**REALITY KING LAW FIRM**

| | |
|---|---|
| ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉) |
| (LL.B, D.I.L) | (LL.B, D.B.L, D.I.L, WIPO Switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၂၄၁**

---

### ဦးနေဝင်း[၁၂/ဒလန(နိုင်)၀၄၄၈၂၇]နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၁)ရပ်ကွက်၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ(၂)လမ်း၊ ခြံအမှတ်–၁၄၉ တွင်နေထိုင်သူ ဒေါ်ညွန့်ညွန့်ဆွေ [၁၂/ဗဟန(နိုင်)၀၅၈၄၂၅]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးနေဝင်းနှင့် ဒေါ်ညွန့်ညွန့်ဆွေတို့သည် (၁၉၉၂)ခုနှစ်မှစ၍ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီး ယနေ့တွင် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးသော တရားဝင် အကြင်လင်မယားဖြစ်ကြပါသည်။ ဦးနေဝင်းသည် (၂၀၁၄)ခုနှစ်တွင် ဒေါ်ညွန့်ညွန့်ဆွေနှင့်အတူ ပေါင်းသင်းနေထိုင်လျက်ရှိသည့် လင်မယားအတူပိုင်လက်ထက်ပွားပစ္စည်းများဖြစ်သော အမှတ်–၁၄၉၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ(၂)လမ်း၊ မိကျောင်းကန်အပိုင်း(၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေနှင့်အဆောက်အအုံတို့နှင့် ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ အရေးကြီးသည့် စာရွက်စာတမ်းမူရင်းများ၊ ငွေစုဘဏ်စာအုပ်မူရင်းများ၊ လင်မယားနှစ်ဦးပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်(၅)၊ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သော HONDA FIT အဝါရောင်မော်တော်ယာဉ်အမှတ်2C/1773,TOYOTA Townace ခဲရောင်မော်တော်ယာဉ်အမှတ်–၅က/၁၆၈၆ ကား(၂)စီးတို့ကို ယူဆောင်၍ ထွက်ခွာသွားခဲ့ပါသည်။ ဦးနေဝင်းအနေဖြင့် မိမိနှင့်အတူ ယူဆောင်သွားသော အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ပါသဖြင့် တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းလဲခြင်းတို့ လုံးဝမပြုလုပ်ပါရန်နှင့် ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ရာ လွှဲပြောင်းပါက လွှဲပြောင်းသူ၏ တာဝန်ဖြစ်ပါကြောင်း ဦးနေဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်လှ**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၆၅/၂၇–၉–၂၀၀၄)**
**အမှတ်(၉/၁၁)၊ အခန်း–၁၀၂(အေ)၊ ပထမထပ်၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09–5053050**

---

## မီးဘေးရှောင် မလောင်ခင်တား

**ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေစုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှာသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ ရရှိနေသော ပနားမီးပုစွန်ဖြူကို ခိုင်မာသောဈေးကွက်ရရှိပါက ကုန်ချောအဖြစ်တင်ပို့နိုင်မည့်အပြင် တိုးချဲ့မွေးမြူထုတ်လုပ်ရန်အသင့်ရှိနေ

ရန်ကုန် နိုဝင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိသော ပနားမီးပုစွန်ဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ ရရှိလျက်ရှိရာ ခိုင်မာသော ဈေးကွက်ရရှိပါက ကုန်ချောအဖြစ် တန်ဖိုးမြှင့်တင်ပို့နိုင်မည့်အပြင် ဝယ်လိုအားနှင့် လျော်ညီစွာ တိုးချဲ့မွေးမြူထုတ်လုပ်ရန် အသင့်ရှိနေကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြိတ်ကျွန်းစုမှထွက်ရှိသော ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိပြီး ကင်းပုစွန်ကဲ့သို့ ဈေးကွက်ဝယ်လိုအား ကောင်းလျက်ရှိရာ ခိုင်မာသော ဈေးကွက်ရရှိမှုမှ တန်ဖိုးမြှင့် ထုတ်ကုန်တင်ပို့နိုင်သော အဆင့်အထိ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖



**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၈၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် ၉၀တွေ့ရှိ**

စာမျက်နှာ » ၁၂

**၂၀၂၂ ခုနှစ် အောက်တိုဘာလ အတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းအား သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၉

**ကျေးလက်ဓလေ့ကို ထိန်းသိမ်းကြစေလို**

ဆောင်းပါး စာမျက်နှာ » ၂၁

# MNL ပွဲစဉ်(၁၂)မှ ရွှေ့ဆိုင်းထားသည့် ပွဲများ ပြန်လည်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂)မှ ရွှေ့ဆိုင်းထားသော ပွဲများကို နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ ပြန်လည်ကျင်းပသွားမည် ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

စက်တင်ဘာလအတွင်းက မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ရွှေ့ဆိုင်းထားသည့်ပွဲများဖြစ်ပြီး ပွဲစဉ်(၁၂)မှ ဟံသာဝတီအသင်းနှင့် မဟာယူနိုက်တက်ပွဲကို ပုံမှန်အတိုင်းကျင်းပခဲ့သောကြောင့် ယခုလေးပွဲသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁၂) လက်ကျန်ပွဲများအဖြစ် နိုဝင်ဘာ ၆ ရက်(ယနေ့)တွင် GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ နိုဝင်ဘာ ၈ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း၊ နိုဝင်ဘာ ၉ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ○

# ၂၀၂၂ ရာသီ MNL-2 ပြိုင်ပွဲတွင် တက္ကသိုလ်အသင်း ဗိုလ်စွဲ



၂၀၂၂ ရာသီ MNL-2 အမှတ်ပေးချန်ပီယံ တက္ကသိုလ်အသင်းကစားသမားများ အောင်ပွဲခံနေစဉ်။

ရန်ကုန် နိုဝင်ဘာ ၅

၂၀၂၂ ရာသီ MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲနောက်ဆုံးနေ့ကို သုဝဏ္ဏကွင်းနှင့် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ယနေ့ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်း ဗိုလ်စွဲခဲ့သည်။

**ချန်ပီယံဆုရ**

ပြိုင်ပွဲ နောက်ဆုံးနေ့တွင် တက္ကသိုလ်အသင်းက Young Boys အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ချန်ပီယံဆုအတွက် နှစ်ပွဲစလုံး အရေးပါနေပြီး ဒဂုံစတားယူနိုက်တက်နှင့်

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❂